# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၂၄)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်၊ ၁၆-၇-၂၀၂၄၊ အင်္ဂါနေ့။


### မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောက၌ ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန် သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## လူ့အခွင့်အရေးကောင်စီအနေဖြင့် ဘက်မလိုက်ရေးအခြေခံမှုများကို လိုက်နာဆောင်ရွက်ရန် မြန်မာနိုင်ငံက တောင်းဆို

ဂျီနီဗာမြို့တွင် ၁၈-၆-၂၀၂၄ ရက်မှ ၁၂-၇-၂၀၂၄ ရက်အထိ ကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ (၅၆)ကြိမ်မြောက် အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံဆိုင်ရာ ဆွေးနွေးပွဲများကို သက်ဆိုင်ရာ နိုင်ငံမပါဝင်ဘဲ ကျင်းပခဲ့ပြီး ယင်းသည် ကောင်စီ၏ အခြေခံမူများဖြစ်သည့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုစသည်တို့နှင့် သွေဖည်လျက်ရှိသည်။ လူ့အခွင့်အရေးကောင်စီ သည် အစည်းအဝေးကာလအတွင်း အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(အိုအိုင်စီ)က တင်သွင်း သည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုကို လည်း အတည်ပြုချမှတ်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက ပံ့ပိုးပေးရန် မေတ္တာရပ်ခံသည့် အချက်အလက်များအား ထောက်ပံ့ပေးခဲ့သော်လည်း မဟာမင်းကြီး၏ အစီရင်ခံစာနှင့် တင်ပြချက်တွင် လက်နက်ကိုင်အဖွဲ့များနှင့် အကြမ်းဖက်သမားများ ၏ ပြောကြားချက်များကိုသာ အလေးပေးဖော်ပြခဲ့ သည်။ ယင်းသည် လိုရာဆွဲဖော်ပြခြင်းဖြစ်ပြီး မဟာ မင်းကြီး၏အစီရင်ခံစာအပေါ် ယုံကြည်မှုလျော့နည်း စေသည်။ တိုင်းရင်းသားအရေးနှင့်ဘာသာရေးဆိုင်ရာ တင်းမာမှုများဖြစ်စေသော အေအေအကြမ်းဖက် အဖွဲ့၏ဒေသခံလူထုအပေါ်ကြီးလေးသောကျူးလွန် မှုများအား အစီရင်ခံစာတွင် လျှော့ပေါ့ဖော်ပြထား သည်ကို တွေ့ရှိရသည်။ အစီရင်ခံစာသည် အစိုးရကို ဆန့်ကျင်သည့် အခြားလက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကိုလည်း လျှော့ပေါ့ဖော်ပြ ထားသည်။

စာမျက်နှာ ၃ သို့

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၊ ဓနုဖြူမြို့၊ ဇလွန်မြို့၊ လေးမျက်နှာမြို့၊ ဟင်္သာတမြို့နှင့် ပုသိမ်မြို့တို့ရှိ ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ဒုတိယဝန်ကြီး ဦးအောင်မြင့်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ဧရာ ဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့ ပန်းလှိုင်မြစ်ကမ်းပါး ရေတိုက်စား မှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ထိုသို့ကြည့်ရှုစဉ် ရေအရင်း အမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိ သူများက ယမန်နှစ်ကစပြီး သုံးနှစ် စီမံချက်ချမှတ်၍ အကောင်အထည် ဖော်ပြီးစီးမှု၊ ယခုဘဏ္ဍာရေးနှစ် အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင် စုဝန်ကြီးက ရေဘေးကာကွယ်ရေး လုပ်ငန်းများကို ထိထိရောက် ရောက်ဆောင်ရွက်နိုင်စေရန် သက် ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ချုပ်နှင့်အဖွဲ့သည် ဓနုဖြူမြို့ ခံတပ် ဟောင်းနေရာအနီး၌ ဧရာဝတီမြစ် ရေမြင့်တက်လာသည့် အခြေအနေ နှင့် ဆောင်ရွက်ထားရှိသည့် ကာ ကွယ်ရေးလုပ်ငန်းများ၊ ဇလွန် မြို့နယ် ဧရာဝတီမြစ်ကမ်းပါး ပြို ကျမှုများကာကွယ်ရန် မြေထိန်း နံရံတည်ဆောက်နေသည့်လုပ်ငန်း များကို စစ်ဆေးပြီး တည်ဆောက် ထားပြီးသည့် တာပေါင်များ၏ အခြေအနေကို မျက်ခြည်မပြတ် ကြည့်ရှုစစ်ဆေး၍ ဦးစားပေး အပိုင်းလိုက် လိုအပ်သည်များ ကြိုတင်စီမံ ဆောင်ရွက်နိုင်ရေး မှာကြားသည်။

စာမျက်နှာ ၃ သို့

### နေရာ ကွက်ကျား မိုးထစ်ချုန်း ရွာမည်

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုး/ဓလ**

၂၀၂၄ ခုနှစ် ၊ ဇူလိုင် ၁၆ ရက်၊ အင်္ဂါနေ့။

မန္တလေး

# လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိ

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အလုပ်ရှာဖွေသူနှင့် အလုပ်ရှင်များကို ချိတ်ဆက်ပေး၍ အလုပ်ခန့်ထားပေးခြင်း၊ လုပ်သားများအတွက် အခကြေးငွေနှင့် အချိန်ပိုအခကြေးငွေများ သတ်မှတ်ရက်အတွင်းခံစားစေခြင်း၊ လုပ်သက်ခွင့်၊ ရှောင်တခင်ခွင့်၊ ဆေးလက်မှတ်ခွင့်နှင့် မီးဖွားခွင့်များ ဥပဒေနှင့်အညီ ခွင့်ပြုစေခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

MSME လုပ်ငန်းတွင် အဓိကလိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ထူထောင်၍ ဘဏ္ဍာနှစ်အလိုက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးခြင်း၊ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်စေရေးတို့အတွက် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီဖွဲ့စည်းခြင်း၊ OSH ဆိုင်ရာ တာဝန်ခံခန့်အပ်စေခြင်း၊ CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်း၍ CMP လုပ်ငန်းစနစ်တကျရှိစေရေး ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ဆပ်ကော်မတီအလိုက် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ အတည်ပြုချက်ဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျက်ရှိကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများ တိုးတက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များက တာဝန်ယူတာဝန်ခံခြင်းဖြင့် တက်ညီလက်ညီအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ CMP စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ အလုပ်သမားရေးရာ အငြင်းပွားမှု လျော့နည်းပပျောက်စေရေးအတွက် စက်ရုံရှိ လူသားအရင်းအမြစ်များ ကို နေရာတကျအသုံးချ၍ လိုအပ်သည့် ထုတ်ကုန်များကို စံချိန်မီသတ်မှတ်ရက်အတွင်း ထုတ်လုပ်ပေးရန် လိုကြောင်း၊ လုပ်သားများ၏ သားသမီးများကို အနာဂတ်တွင် နိုင်ငံတော်အတွက် အားထားရသည့် လူငယ်လူရွယ်များဖြစ်လာစေရေး၊ မှန်ကန်သည့် အတွေးအခေါ်မြော်မြင်မှုများရရှိရေး ပြုစုပျိုးထောင်ပေးရန်လိုကြောင်း အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း) စက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည့် အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းစေရန် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) များဖွဲ့စည်း၍ ကြပ်မတ်ဆောင်ရွက်ပေးနေသည့်အပြင် လူမှုဖူလုံရေးဥပဒေနှင့်အညီ အာမခံလုပ်သားများကို သက်ဆိုင်ရာအာမခံစနစ်အလိုက် အကျိုးခံစားခွင့်များ ရရှိခံစားစေခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်တို့ကို စည်းကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးပညာရေးဒီဂရီကောလိပ်တွင် လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံရေး လူငယ်စကားဝိုင်း ကျင်းပ



မန္တလေး ဇူလိုင် ၁၅

အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူဆောင်ရွက်ကြမည့် လူငယ်များအနေနဲ့ ကျန်းမာကြံ့ခိုင်မှု၊ အရည်အချင်းပြည့်ဝမှု၊ ဉာဏ်ပညာထက်မြက်မှု၊ လူမှုပေါင်းသင်းဆက်ဆံရေးကောင်းမွန်မှု၊ အတွေးအခေါ်မှန်ကန်ရေး၊ နှုတ်မှုစွမ်းရည်တိုးတက်စေရန်နှင့် ဗလငါးတန်နှင့် ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့သားကောင်း လူငယ်လူရွယ်များဖြစ်ပေါ်စေရန် ရည်ရွယ်ကာ ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မန္တလေးပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းကာ လူငယ်စကားဝိုင်းကို ယနေ့ နံနက်ပိုင်းက ပညာတန်ဆောင်ခန်းမတွင် ကျင်းပသည်။ **(အပေါ်ယာပုံ)**

လူငယ်စကားဝိုင်းကို မန္တလေးပညာရေးဒီဂရီကောလိပ်တွင် တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများက လောကအလှဥယျာဉ်ကြီး တည်ဆောက်ကြပါစို့ သီချင်းသီဆို၍ ဖွင့်လှစ်ပြီး ကျောင်းအုပ်ကြီး ဒေါ်မို့မို့ကြည်က အဖွင့်အမှာစကားပြောကြားပြီးနောက် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုးက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဦးစီးမှူး ဦးဆောင်ကာ မန္တလေးပညာရေးဒီဂရီကောလိပ်တွင် တက်ရောက်နေသော မဇင်မာထွေး၊ မဂျူးဂျူးဟန်၊ မထက်ဝေလွင်၊ မောင်အာကာဖြိုး၊ မောင်အောင်ဇင်ဦးနှင့် မောင်ဟိန်းထက်နိုင်တို့က လူငယ်နှင့် နည်းပညာ၊ လူငယ်များအတွက် သင်ယူမှုသင်ယူခွင့်ဖန်တီးပေးရေး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် ဗလငါးတန်၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး စသည့်ကဏ္ဍများကို ဆွေးနွေးခဲ့ကြရာ ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဆွေးနွေး၍ မေးခွန်းများမေးမြန်းခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**



## အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

မန္တလေး ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ အခွန်ဆိုင်ရာပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅)၏ ဌာနမှူး ညွှန်ကြားရေးမှူး ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်အောင်ဆွေက အခွန်ထမ်းကုမ္ပဏီလုပ်ငန်းရှင်များ သိသင့်သိထိုက်သည့် အခွန်ဆိုင်ရာအကြောင်းအရာများကို ပညာပေးရှင်းလင်းဆွေးနွေးခဲ့ရာ အခွန်ထမ်းကုမ္ပဏီလုပ်ငန်းရှင်များ စုစုပေါင်း(၁၄၁) ဦး တက်ရောက်ကြပြီး အခွန်ဆိုင်ရာ သိကောင်းစရာလက်ကမ်းစာစောင်များကို ဝေငှခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(ဝ၉၃)**

### သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေး

မန္တလေး ဇူလိုင် ၁၅

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေးအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ ၁၅ လမ်းနှင့် ၁၆ လမ်းကြား၊ ၈၇ လမ်းနှင့် ၈၈ လမ်းကြားရှိ ရွှေနှင်းဆီဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်မြေသာစံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဦးဇော်လင်းဦးက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်က သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက တက်ရောက်လာသူများအား "ပြည်လုံးကျွတ်သန်းခေါင်စာရင်း ၂၀၂၄" လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

အဆိုပါ အသိပညာပေးအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂)၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ပြည်ကြီးရန်လုံရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုးသန်းဦးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်နေ ပြည်သူများ စုစုပေါင်း (၂၁၀)ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(ဝ၃၇)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(ဝ၁ဝ၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (ဝ၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ဝ၂-၂၈၄၇၃၉၈၊ ဝ၂-၂၈၃၂၀ဝ၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-ဝ၂-၄ဝ၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

❐ ရှေ့ဖုံးမှ

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံတင်ပြချက်များသည် မြန်မာနိုင်ငံကို နိုင်ငံတကာအသိုက်အဝန်းကဖယ်ကြဉ်ရန် သိသာစွာဦးတည်ထားသည်။ အပြန်အလှန်ဆွေးနွေးပွဲတွင် အထူးအစီရင်ခံစာတင်သွင်းသူသည် အဖျက်အမှောင့်သတင်းမီဒီယာများ၊ တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များနှင့် NUG နှင့် ဆက်နွယ်သော အကြမ်းဖက် PDF အဖွဲ့များ၏ စွပ်စွဲမှုများနှင့် ပုံဖော်ပြောဆို ဝါဒဖြန့်မှုများကိုသာ သံယောင်လိုက် ပြောဆိုထားသည်။ အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဇွန်လအထိ အပြစ်မဲ့အရပ်သား ၇,၈၀၀ ကျော် အသက်ဆုံးရှုံးခဲ့ပြီးဖြစ်သည်။ အထူးအစီရင်ခံစာတင်သွင်းသူသည် တရားမဝင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များနှင့် ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကို ရှုတ်ချရမည့်အစား ယင်းအဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်ရန် နိုင်ငံတကာကို တိုက်တွန်းလျက်ရှိရာ၊ ပြည်သူအားလုံး၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုများကို အဟန့်အတားဖြစ်စေသည်။

အထူးအစီရင်ခံစာတင်သွင်းသူက ထုတ်ပြန်ထားသည့် တာဝန်မဲ့သော အစည်းအဝေးစာရွက်စာတမ်းများတွင် တရားဝင်ဘဏ်လုပ်ငန်းများသည် စစ်ရေးလှုပ်ရှားမှုများကို ထောက်ပံ့နေသယောင် လွဲမှားစွာ ဖော်ပြထားရာ၊ အထင်အမြင်လွဲမှားမှုများ နက်ရှိုင်းစွာဖြစ်ပေါ်စေသည်။ ယင်းစာရွက်စာတမ်းများတွင် မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝအပေါ် ပြင်းထန်သော သက်ရောက်မှုများ ဖြစ်ပေါ်လာစေနိုင်သည်ကို လျစ်လျူရှုလျက် မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရန် မျှတမှုကင်းမဲ့စွာ တောင်းဆိုထားသည်။

အိုအိုင်စီက မကြာသေးမီက တင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုအပါအဝင် ယခင်လူ့အခွင့်အရေးကောင်စီအစည်းအဝေးများ၌ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်အဆိုအသီးသီးသည် ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ်၏ အဓိကအကြောင်းရင်းကို ဖော်ပြရန်ပျက်ကွက်သည်။ ယင်းပျက်ကွက်မှုက အဆိုပါဆုံးဖြတ်ချက်အဆိုများသည် ပြဿနာအား အဓိပ္ပာယ်ရှိစွာ စိတ်ရင်းမှန်ဖြင့် ဖြေရှင်းရန် ရည်ရွယ်ချက်ကင်းမဲ့သည်ကို ပြသနေသည်။

အစိုးရသည် ၂၀၂၅ ခုနှစ်တွင် လွတ်လပ်ပြီးမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်လျက်ရှိကာ၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အစိုးရအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများက မေတ္တာရပ်ခံသည့် ကွင်းဆင်းလေ့လာရေး၊ ခရီးသွားလာရေးနှင့် ဝန်ထမ်းများ နေရာရွှေ့ပြောင်းရေးတို့ကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံတည်းအပေါ်ဦးတည်သည့် လုပ်ပိုင်ခွင့်များနှင့် ဆုံးဖြတ်ချက်အဆိုများ၊ ယင်းတို့၏ နောက်ဆက်တွဲ အပြန်အလှန်ဆွေးနွေးပွဲများသည် အပြုသဘောဆောင်သည့် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် အထောက်အကူမပြုသဖြင့် မြန်မာနိုင်ငံက အစဉ်တစိုက်ဆန့်ကျင်သည်။ မြန်မာနိုင်ငံက ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံရာတွင် ဘက်မလိုက်ရေးအခြေခံမူများကို ကျင့်သုံးရန်နှင့် နိုင်ငံ၏ အချုပ်အခြာအာဏာကို သေးသိမ်စေပြီး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဒီမိုကရေစီလမ်းကြောင်းဖော်ဆောင်ရေးတို့အတွက် စစ်မှန်သည့် ကြိုးပမ်းမှုများကို ဟန့်တားခြင်းမပြုရန် တောင်းဆိုသည်။

လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူတို့၏ အပြန်အလှန် ဆွေးနွေးပွဲများနှင့် အိုအိုင်စီက တင်သွင်းသည့် ဆုံးဖြတ်ချက်အဆိုတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်အသီးသီးကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့တို့၏ အင်တာနက်စာမျက်နှာများတွင် လေ့လာကြည့်ရှုနိုင်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်။

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၅

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး Mr. Abhay Thakur ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ဘဏ်နှင့် ငွေရေးကြေးရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် စပ်လျဉ်းသည့် ငွေပေးချေမှု၊ ချေးငွေ၊ နည်းပညာအကူအညီပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာသင်တန်းများ ပံ့ပိုးပေးနိုင်မှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



## မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၅

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အိန္ဒိယ ရူပီး/မြန်မာကျပ် တိုက်ရိုက်ငွေပေးချေမှုနည်းလမ်းဖြင့် လက်ရှိဆောင်ရွက်နေသည့် ကုန်သွယ်မှုတွင် ပိုမိုအကျိုးရှိစေနိုင်သော ကိစ္စရပ်များနှင့် မြန်မာနှင့် အိန္ဒိယ နှစ်နိုင်ငံအကြား ကတ်စနစ်/မိုဘိုင်းပေးချေမှုဖြင့် ငွေပေးချေမှုလုပ်ငန်းများ ဆောင်ရွက်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

❁ ရှေ့ဖုံးမှ

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟသ်ာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စုအတွင်း ဧရာဝတီမြစ်ရေကြောင်း ပြောင်းလဲမှုကြောင့် ရေတိုက်စားကမ်းပြို၍ ကျေးရွာနှင့် လယ်ယာမြေများ နှစ်စဉ်ဆုံးရှုံးမှုဖြစ်ပွားသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဟသ်ာတခရိုင်နှင့် မြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ရေစီးကြောင်း ပြောင်းလဲမှုကြောင့် ကမ်းပါးများ ထပ်မံပြိုကျဆုံးရှုံးမှု မရှိအောင် ကာကွယ်နိုင်မည့် အကောင်းဆုံးနည်းလမ်းများ ဖော်ထုတ်စီမံဆောင်ရွက်နိုင်ရေး ဆိုင်ရာကိစ္စများကို ရင်းနှီးစွာ ဆွေးနွေးမှာကြားသည်။

### ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟသ်ာတဘူတာမှ ခမောက်စုဘူတာအထိ RBE ရထားတွဲဖြင့် လိုက်ပါစီးနင်းကာ လမ်းပိုင်းအခြေအနေ၊ ရထားတံတားများနှင့် ဘူတာများ၏ အခြေအနေတို့ကို စစ်ဆေး၍ ခမောက်စုဘူတာမှတစ်ဆင့် လေးမျက်နှာမြို့ ဧရာဝတီမြစ်ကမ်းအနီး သမိုင်းဝင် စတုမုခထူပါရုံစေတီတော်မြတ်ကြီး ဝေန်မြစ်ရေတိုက်စားမှုကြောင့် မြေပြိုကျပျက်စီးမှု ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းခွင်သို့ ရောက်ရှိကာ ယမန်နှစ်က ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ယခုနှစ် ဆောင်ရွက်နေဆဲ လုပ်ငန်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရှေးမူမပျက်ပြင်ဆင်ထိန်းသိမ်းရေးအတွက် လိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်နိုင်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခမောက်စုဘူတာမှ ပုသိမ်ဘူတာအထိ RBE ရထားဖြင့် ဆက်လက်စီးနင်းလိုက်ပါ၍ ရထားလမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်ရေး၊ ရထားလမ်းပိုင်းကြံ့ခိုင်ရေးနှင့် ရထားအမြန်နှုန်း ပိုမိုမြှင့်တင်နိုင်ရေး လိုအပ်ချက်များ မှာကြားသည်။

ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင်လည်း ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ကမ်းနားလမ်းသို့ရောက်ရှိပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကမ်းနဖူးသာယာလှပရေးနှင့် ပြည်သူလူထုအနားယူအပန်းဖြေနိုင်ရေးလုပ်ငန်းအခြေအနေများကို ကြည့်ရှုကာ သန့်ရှင်းမှုကောင်းမွန်စေရေး၊ ကမ်းနဖူး၏ အလှအပနှင့် လိုက်ဖက်ညီအောင် ဆိပ်ကမ်းတံတားများကိုလည်း လိုအပ်သလို မွမ်းမံပြင်ဆင်ရေး မှာကြားသည်။

### မှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧရာရွှေဝါခန်းမဆောင်တွင် ပုသိမ်မြို့၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ကြီးဌာနလက်အောက် ဌာနအဖွဲ့အစည်းများမှ တာဝန်ခံအရာရှိများ၊ ဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းကောင်းများပီသစွာဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရေး၊ ဌာနအလိုက် ရုံးများ၊ အိမ်ရာများ၌ ဝန်ထမ်းများနှင့် မိသားစုများ၏ လိုအပ်ချက်များကို သိရှိအောင် စစ်ဆေး၍ ဖြည့်ဆည်းပေးနိုင်ရေး၊ လုပ်ငန်းကျွမ်းကျင်မှုတိုးတက်လာအောင် လေ့ကျင့်ပေးရေး၊ ဌာနစာကြည့်တိုက်များတွင် ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများထားရှိ၊ လေ့လာဖတ်ရှုမိုငြမ်းခြင်းဖြင့် ဝန်ထမ်းများ၏ အတွေ့အကြုံ၊ ဗဟုသုတတိုးပွားစေရေးတို့ကို မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာလက်ဆောင်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၁၆-၂၀၁၇ ခုနှစ်ကာလကတည်းက ရပ်ဆိုင်းထားခဲ့သည့် ဘဲဂရက်-အိမ်မဲ-လှိုင်သာယာ စီမံကိန်းလမ်းပိုင်းတစ်လျှောက်ရှိ ဘူတာများ၏ အခြေအနေများ၊ တံတားများ၏ အခြေအနေများ၊ သံလမ်းခင်းရန် ကျန်ရှိနေသည့် တာပေါင်နေရာများကို ကြည့်ရှုစစ်ဆေးပြီး ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များ ချို့ယွင်းပျက်စီးနေမှုကို မွမ်းမံထိန်းသိမ်းရေး၊ အစောင့်ဝန်ထမ်းများထားရှိရေး၊ ဆောက်လုပ်ပြီးစီးသည့် ရထားလမ်းများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် စီမံဆောင်ရွက်သွားရန် လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၃ / ၂၀၂၄)
၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်
(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

**မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့ရပ်ကွက်၊ မဟော်ဂနီလမ်း၊ အမှတ် (၂/၂/၂၃၂) တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ** ကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ** ၏ မှတ်ပုံတင်အမှတ်မှာ (၅၀) ဖြစ်ပါသည်။

(ပုံ) ကိုကို
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ငဝန်မြစ်နှင့် တိုးမြစ်ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဇူလိုင် ၁၅

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့် (၁၈ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် တစ်ပေခန့် (၂၅ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မအူပင်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

မိုး/ဇလ

## လေဖိအားနည်းရပ်ဝန်းအခြေအနေ

နေပြည်တော် ဇူလိုင် ၁၅

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း(သြရိဿတောင်ပိုင်း ကမ်းလွန်)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ

## အမျိုးသားပြတိုက်(နေပြည်တော်) ကိုးနှစ်ပြည့်အထိမ်းအမှတ် မြန်မာ့ရက်ကန်းလက်မှုအနုပညာအထူးပြပွဲ ဖွင့်လှစ်ပြသ

နေပြည်တော် ဇူလိုင် ၁၅

အမျိုးသားပြတိုက်(နေပြည်တော်) ဖွင့်လှစ်ခြင်း ကိုးနှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာ့ရက်ကန်း လက်မှုအနုပညာ အထူးပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် အဆိုပါ ပြတိုက်၌ ကျင်းပသည်။



ဖွင့်ပွဲအခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက်ဖွင့်လှစ်ပေးပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်သည့် မြန်မာ့ရက်ကန်း လက်မှုအနုပညာအထူးပြပွဲ၌ မြန်မာ့ရိုးရာရက်ကန်းများ ရက်လုပ်ပုံအဆင့်ဆင့်နှင့် အချိတ်ဒီဇိုင်းများ၊ ပုဂံခေတ် နံရံဆေးရေးပန်းချီ ရေးဆွဲခဲ့သည့် အဝတ်စများ၊ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှုပြ ရုပ်တု၊ ရုပ်လုံးများ၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးကြီး ရှစ်မျိုး၏ ဝတ်စားဆင်ယင်မှုများ၊ ကြာချည် ရက်လုပ်ပုံများ၊ Eco Print နှင့် ပြုလုပ်ထားသည့် အဝတ်အထည်များကို ပြသသွားမည်ဖြစ်ကြောင်း၊ အဆင့်အတန်းမြင့်မားခဲ့သည့် မြန်မာ့ရက်ကန်း လက်မှုအနုပညာ မတိမ်ကော မပပျောက်စေရန်၊ ပြည်သူလူထုအနေဖြင့် မိမိတို့နိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများကို အားပေးကြရန်နှင့် မိမိတို့၏ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ်များ ဖြစ်ပေါ်လာကြစေရန်အတွက် ပြတိုက်များက ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက်ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အထူးပြပွဲ ပြသရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် အထူးပြပွဲအတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၏ တူးဖော်တွေ့ရှိမှု အထောက်အထားများအရ မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာ-သုံးထောင်ခန့်က ပေါ်ထွန်းခဲ့သည့် ကြေးခေတ်၊ သံခေတ်ထွန်းကားခဲ့သည့် လူမျိုးစုအဖွဲ့အစည်းများတွင် ချည်ထည်များကို ရက်လုပ်သုံးစွဲခဲ့ကြသည့် အထောက်အထားများပြကွက်၊ ပျူခေတ်တွင်တွေ့ရှိရသော ဝတ်စားဆင်ယင်မှု အထောက်အထားများအရ ချည်ထည်ရက်လုပ်သုံးစွဲမှု တိုးတက်ထွန်းကားလာခဲ့သည့် အထောက်အထားများ ပြကွက်၊ ပုဂံခေတ် အဝတ်ပန်းချီများ၊ နံရံပန်းချီများမှ တွေ့ရှိရသော မြန်မာ့ရိုးရာ ချည်ထည်ရက်လုပ်သုံးစွဲမှု အဆင့်ဆင့် ပြကွက်များ၊ အချိတ်ဒီဇိုင်းများ၊ ကြာချည် ရက်လုပ်ပုံများ၊ စာစည်းကြိုးများ၊ ပျူခေတ်၊ ပုဂံခေတ်၊ ပင်းယ၊ အင်းဝနှင့် ရတနာပုံခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှုပြ ရုပ်တု၊ ရုပ်လုံးရုပ်ကြွများ၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးကြီးရှစ်မျိုးတို့၏ ဝတ်စားဆင်ယင်မှု ပြသထားသည့် ပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အမျိုးသားပြတိုက်(နေပြည်တော်)ကို ၂၀၁၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် စတင်ဖွင့်လှစ်ပြသခဲ့သဖြင့် ယနေ့တွင် ကိုးနှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ အမျိုးသားပြတိုက်(နေပြည်တော်)တွင် အဆောင်ငါးဆောင် ပါဝင်ကာ ပြခန်း ၁၃ ခန်းကို အများပြည်သူအား ဖွင့်လှစ်ပြသလျက်ရှိကြောင်းနှင့် မြန်မာ့ရက်ကန်းလက်မှုအနုပညာ အထူးပြပွဲကို ဇူလိုင် ၁၆ ရက်မှ ၂၈ရက်အထိ အခမဲ့ ၁၀ရက်ကြာ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၅

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်သည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) သို့ ရောက်ရှိပြီး စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် စက်ရုံမှူးက ခါးပြတ်မီးဖိုဖြင့် သံရည်ကျိုလုပ်ငန်းများ စမ်းသပ်ဆောင်ရွက်နေမှု၊ စက်မှုလုပ်ငန်းသုံး ရေရရှိရေးအတွက် ရေသန့်စင်နေမှု၊ ဆောင်ရွက်ရန်ကျန်ရှိသည့် စီမံကိန်းလုပ်ငန်းများအနက် ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ပထမအဆင့်နှင့် ဒုတိယအဆင့် ရေတွန်းအလုပ်ရုံတို့၌ လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရိုးလ်မက်နည်းစဉ်ဖြင့် ဆောင်ရွက်မည့် သံရည်ကျိုအလုပ်ရုံကို စက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အစိုးရအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ စက်တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး လိုအပ်သော အထောက်အကူပြုပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရန်၊ ရိုးလ်မက်နည်းစဉ်နှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ကြိုတင်လေ့လာထားရန်၊ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး စီမံဆောင်ရွက်ကြရန်၊ ဝန်ထမ်းများအနေဖြင့် ကိုင်တွယ်မောင်းနှင်ရမည့် စက်ပစ္စည်းများကို ကျေညက်အောင် လေ့လာထားရန်၊ ရန်ပုံငွေများကို အလေအလွင့်မရှိအောင်နှင့် အကျိုးရှိအောင် သုံးစွဲနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပထမအဆင့် ရေတွန်းအလုပ်ရုံ၊ ဒုတိယအဆင့် ရေတွန်းအလုပ်ရုံ၊ ကျောက်မီးသွေးပြုပြင်ရေး အလုပ်ရုံ၊ ရေသန့်စင် အလုပ်ရုံနှင့် ဂါလန် ၄၆ သိန်းဆံ့ ရေကန်တို့အား သန့်ရှင်းရေးပြုလုပ်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့ပြင် ဒုတိယဝန်ကြီးသည် ယမန်နေ့ နံနက်ပိုင်းက ရေသန့်စင်အလုပ်ရုံ၌ ဘွိုင်လာအတွက် အသုံးပြုမည့်ရေများ ထုတ်လုပ်နိုင်ရေးအတွက် စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စက်လည်ပတ်နိုင်ရေးအတွက် လိုအပ်သော အစီအစဉ်များ အချိန်မီ ပြီးစီးအောင်ရေးဆွဲရန်၊ သံရည်ကျို အလုပ်ရုံရှိ ကရိန်းများကို စမ်းသပ်မောင်းနှင်ရန်နှင့် သံရည်ကျိုမီးဖိုအတွင်း၌ မီးခံအုတ်များ တပ်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၄)သို့ တက်ရောက်

**မန္တလေး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၄)ကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က စားရေရိက္ခာဖူလုံရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပြီး လယ်ယာမြေများ မလျော့ပါးရေး မူဝါဒအရ စိုက်ပျိုးမြေများအဖြစ် အသုံးပြု၍ရသည့် မြေလွတ်၊ မြေရိုင်းများကို အသုံးပြုနိုင်ရေး အားပေးဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားလာမှုများအပေါ် စိစစ်၍ ခွင့်ပြုချထားပေးလျက်ရှိပါကြောင်း၊ လုပ်ကိုင်ခွင့်ရရှိသူများအနေဖြင့် ခွင့်ပြုခွင့်ချထားပေးသည့်လုပ်ငန်းများကို အကျိုးရှိစွာ အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ သတ်မှတ်ထားသည့် စည်းကမ်းများလိုက်နာရန် ပျက်ကွက်ပါက ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ရမည့် အမှုတွဲ ၁၇ တွဲကို တင်ပြဆွေးနွေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြဆွေးနွေးချက်များနှင့် တက်ရောက်လာသူများ၏ အကြံပြုဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**




သတင်း-စာမျက်နှာ ၂၄





• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။





# ၁၃၈၆ (၂၀၂၄) ခုနှစ် (၃၁) ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်မည့်နေ့ရက် ကြေညာ

နေပြည်တော် ဇူလိုင် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၆ (၂၀၂၄) ခုနှစ်၊ အစိုးရနိကာယ်စာမေးပွဲ အောင်စာရင်းကို ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း(၁၂)ရက်၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၇ ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက် ၆ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

# မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်ရေး စီမံဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စွန်ရဲအင်းဒေသ နို့စားနွားမွေးမြူရေးလုပ်ငန်းနယ်မြေ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါနယ်မြေ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်၍ တမာ၊ မန်ကျည်း၊ မဲဇလီ စသည့်လေကာပင် ၅၀၇ ပင် စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှင်းလင်းဆောင်၌ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နို့စားနွားမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရမ်းပြည်နယ်(တောင်ပိုင်း) ရွာင်မြို့နယ်ရှိ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြပြီး တမံအတွင်း ရေသိုလှောင်ထားရှိမှု၊ တမံကြံ့ခိုင်မှုနှင့် ရေသောက်စနစ်များမှတစ်ဆင့် မိတ္ထီလာလွင်ပြင်



စိမ်းလန်းစိုပြည်ရေးအတွက် အကျိုးပြုဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တည်ဆောက်ဆဲကျိုင်းခမ်း ရေလှောင်တမံမှ ရေလွှဲပေးပို့သည့် ရေများကို ဇော်ဂျီရေလှောင်တမံမှတစ်ဆင့် မြို့ကြီးရေလှောင်တမံသို့ ရေကူးပေးပို့ထားရှိသဖြင့် ဝင်ရေစုဆောင်းသိုလှောင်နိုင်မှုပမာဏအရ မူလစီမံကိန်း ရည်ရွယ်ချက်ပါအတိုင်း ပန်းလောင်ရေသောက်စနစ်သို့ ရေပို့လွှတ်နိုင်မည့် ရေသွယ်လမ်းကြောင်း ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အကြိုစူးစမ်းလေ့လာမှုများ ဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနများအနေဖြင့် မိတ္ထီလာခရိုင်အတွင်း လက်ရှိစိုက်ပျိုးလျက်ရှိသည့် သီးနှံစိုက်ပျိုးဧကနှင့် အထွက်နှုန်းများကို စာရင်းပြုစုကောက်ယူ မှတ်တမ်းထားရှိရန် လိုအပ်ကြောင်း၊ သို့မှသာ ကင်းတားဆည်ရေ တိုးချဲ့ပေးဝေပြီးနောက် တိုးတက်လာမည့် စိုက်ဧရိယာနှင့် အထွက်နှုန်းကို နှိုင်းယှဉ်လေ့လာပြီး ဒေသ၏ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး စီမံသွားရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

မြို့ကြီးရေလှောင်တမံအနေဖြင့် မြို့ကြီးမြောင်းမတော် အမှတ်(၁)မှတစ်ဆင့် ကင်းတားလက်ယာမြောင်း၏ ရေသောက်စနစ်သို့ ရေကူးဖြည့်တင်းပေးလျက်ရှိပြီး ယခုအခါ ကင်းတားရေလွှဲဆည်မှ ရေရယူနေရသည့် ပန်းလောင်ရေသောက်စနစ်သို့ မြို့ကြီးရေလှောင်တမံမှ ရေပို့လွှတ်နိုင်ရန် ပန်းလောင်ရေသွယ်မြောင်း ဖောက်လုပ်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကာ အဆိုပါစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက ကင်းတားဆည်ရေများကို ကင်းတားလက်ဝဲမြောင်းမှတစ်ဆင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းဒေသသို့ စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြစ်သားမြို့နယ် နွားကူးကြီး ကျေးရွာအနီးရှိ ကင်းတားရေလွှဲဆည်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး (အပေါ်ဝဲပုံ) ကင်းတားလက်ဝဲမြောင်းမကြီးမှ မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေရရှိရေးအတွက် တိုးချဲ့ဆောင်ရွက်မည့် ပဏာမစူးစမ်းလေ့လာနေမှုလုပ်ငန်းများနှင့် အမြင့်ပိုင်းစိုက်ပျိုးမြေများ ရေရရှိရေးအတွက် ရေတင်ပေးနိုင်မည့် ရေတင်စီမံကိန်းအသစ် ဆောင်ရွက်ရန်နေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး နေပြည်တော်ကောင်စီနယ်မြေအတွင်း သမဝါယမစနစ် ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် တက်ရှိန်းကျေးရွာသို့ရောက်ရှိပြီး ကျေးရွာ ၁၄ ရွာမှ သမဝါယမအသင်းသား တောင်သူများ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးက သမဝါယမစနစ်ဖြင့် ဆောင်ရွက်နေသော ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ အခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် ပြည်ပမှတင်သွင်းမှုလျှော့ချနိုင်ရေး၊ ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးတို့အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဒေသနှင့်ကိုက်ညီသော ဈေးကွက်ရှိသည့် မွေးမြူရေးလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ပါက လိုအပ်သည့် မျိုး၊ အရင်းအနှီးများရရှိရေး ပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆီထွက်သီးနှံကုန်ကြမ်းများ စဉ်ဆက်မပြတ်ရရှိရေး၊ ဈေးကွက်ရရှိရေးတို့အတွက် နေပြည်တော်ကောင်စီ အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များအသင်းနှင့် အိမ်ရှင်မဆီစက်လုပ်ငန်းတို့ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်နိုင်ရန် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး သမဝါယမအသင်းသား တောင်သူများ၊ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေစွမ်းအား စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးဇော်မင်းလွင်၏ တွန်းနနီမြေပဲ လေးဧက စိုက်ပျိုးထားမှုကိုလည်းကောင်း၊ အသင်းသားတောင်သူများနှင့် ဒေသခံတောင်သူများ စိုက်ပျိုးထားသော ဆီထွက်သီးနှံစိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရေးစပ်ပြိုင်ပွဲ ကျင်းပ



မန္တလေး ဇူလိုင် ၁၅

ချမ်းအေးသာစံ မြို့နယ် မြို့နယ်ပညာရေးမှူးရုံး၏စီစဉ်မှုဖြင့် (၇၇)နှစ် မြောက်အာဇာနည်နေ့ အထိမ်းအမှတ် မြို့နယ်အဆင့် အထက်တန်း၊ အလယ်တန်း စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရေးစပ်ပြိုင်ပွဲကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

(၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အာဇာနည်စိတ်ဓာတ်နှင့် ကျောင်းသားများ၏တာဝန် ခေါင်းစဉ်ဖြင့်ကျင်းပရာ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ(၁၆)ဦး၊ အလယ်တန်းအဆင့်တွင် ကျောင်းသားကျောင်းသူ (၃၇)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ကဗျာရေးစပ်ပြိုင်ပွဲတွင် အာဇာနည်ရဲ့သတ္တိ ခေါင်းစဉ်ဖြင့် ကျင်းပရာ အထက်တန်းအဆင့်တွင် (၈)ဦး၊ အလယ်တန်းအဆင့်တွင် (၁၃)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ (ဓာတ်ပုံ)

ချမ်းအေးသာစံမြို့နယ် အခြေခံပညာဦးစီးဌာနအနေဖြင့် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အကြိုအဖြစ် မြို့နယ်အဆင့်ပြိုင်ပွဲများကျင်းပလျက်ရှိပြီး မြို့နယ်အတွင်း အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများတွင်လည်း ဟောပြောပွဲများ၊ နံရံကပ်စာစောင် ပြပွဲများ၊ စာစီစာကုံးပြိုင်ပွဲများကိုလည်း ကျင်းပလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ် ၄)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Wang Yibo က 2024 Paris Olympic ၏ မီးရှူးတိုင် ကိုင်ဆောင်မည်

တရုတ်အနုပညာရှင် ဝမ်ရိဘိုသည် 2024 Paris Olympic ၏ မီးရှူးတိုင် ကိုင်ဆောင်မည့်အကြောင်း IOC International Olympic Committee က ပြင်သစ်အမျိုးသားနေ့တွင် တရားဝင်ကြေညာခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါကော်မတီက ဝမ်ရိဘိုသည် လူသိများကျော်ကြားသော သရုပ်ဆောင်၊ အဆိုတော်တစ်ဦးဖြစ်၍ 2024 Paris Olympic မီးရှူးတိုင်ကိုင်ဆောင်သူအဖြစ် ပါဝင်လာမည်ဟု ပြင်သစ်အမျိုးသားနေ့တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

ဝမ်ရိဘိုသည် 2024 Paris Olympic Qualifier Series ၏ တစ်ဦးတည်းသော Promotion Ambassador ဖြစ်ခဲ့၍ တရုတ်နိုင်ငံ၏ ဂုဏ်ယူဖွယ်ရာ ဖြစ်ခဲ့သည်။ (SKY)

## BTS မှ Jin ၏ Olympic အချိန်ဇယားထွက်ရှိလာ

ဘီတီအက်စ်အဖွဲ့ဝင် ဂျင်(ခေါ်) ကင်ဆွတ်ဂျင်သည် ပြင်သစ်အချိန် ဇူလိုင် ၁၄ ရက် တနင်္ဂနွေနေ့တွင် အိုလံပစ်ငြိမ်းချမ်းရေးမီးရှူးတိုင် ကိုင်ဆောင်သွားမည်ဟု အချိန်ဇယားထွက်ရှိလာသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




ဂျင်သည် သင်တန်းပြီးဆုံး၍ နားချိန်မယူဘဲ အနုပညာလုပ်ငန်းများ အဆက်မပြတ်လုပ်ခဲ့ရာ ဦးစွာ အမာခံပရိသတ်များနှင့် တွေ့ဆုံမှုကို စတင်ခဲ့ပြီးနောက် အချိန်ပြည့်လှုပ်ရှားမှုပြုလုပ်ခဲ့ရာမှ အိုလံပစ်မီးရှူးတိုင် ကိုင်ဆောင်ရန် ရွေးချယ်ခံခဲ့ရသည်။

တစ်ကမ္ဘာလုံးအနေနှင့် ရွေးချယ်ခံရသူ ၁၁၀၀၀ ရှိပြီး ပထမအဆင့်တွင် အရည်အချင်းပြည့်မီသူနှင့် တင်သွင်းသည့် လျှောက်လွှာကို စစ်ဆေးပြီး ဒုတိယအဆင့်တွင် အစည်းအဝေးထိုင်မဲပေးဆွေးနွေးခဲ့ကြရာ ကိုယ်ပိုင် ကိုယ်စားပြုစွန့်စားခန်းကိုယ်စီနှင့် အနုပညာရှင်များကိုသာ ရွေးချယ်ခဲ့ကြသည်ဟု ဥက္ကဋ္ဌ တိုနီအီစတန်ဂတ်က ပြောကြားသည်။

အနုပညာရှင်များကို ရွေးချယ်ရာတွင် အိုလံပစ်ပွဲတော်၏ ဆောင်ပုဒ်ကို ပုံဖော်ကိုယ်စားပြုနိုင်သူဖြစ်ရန် လိုသည်။ (SKY)

## Zhang Ruoyun နှင့် တရုတ်အနုပညာရှင်များ Milan Fashion တက်ရောက်ခဲ့ကြ



တရုတ်အနုပညာရှင်များစွာ တက်ရောက်ခဲ့ကြသည့် Fendi Spring Summer 2023 Show အတွက် မီလန်ဖက်ရှင် ရက်သတ္တပတ်သို့ ကျန်ရှုယွမ်လည်း တက်ရောက်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဖက်ရှင်စတိုင်လ်ကျကျနှင့် ကျန်ရှုယွမ်၊ ဥရောပအမေရိကန် စတိုင်လ်နှင့် ရီရန်ကျင်းရှီကလည်း ဖက်စပ်ဖက်ရှင်စတိုင်လ်နှင့် ခံ့ညားမှုအပြည့်နှင့် ရှူကိန်ကိုလည်း ယင်းဖက်ရှင်ပွဲတွင် မြင်ကြရသည်။

ကျန်းရန်ယောင်မှာလည်း Canali 90th Anniversary အတွက် မီလန်ရောက်ရှိနေကာ တန်ဂျီအန်စီကလည်း အတွက် Prada Spring Summer 2025 Show အတွက် မီလန်တွင် ပွဲတက်ခဲ့ပြီး Gucci အတွက် ကျောင်ရီယန်ကလည်း မီလန်ပွဲတက်ရောက်ခဲ့သည်။

တရုတ်အနုပညာရှင်များ နိုင်ငံတကာပွဲများသို့ ဖက်ရှင်စတိုင်လ်သစ်များနှင့် တက်ရောက်မှုများပြားလာခဲ့ကြသည်ကို တွေ့ရ၍ တရုတ်ပရိသတ် ဂုဏ်ယူမဆုံး ဖြစ်နေကြသည်။ (SKY)



## ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ခြင်းကြောင့် ဦးနှောက်စွမ်းရည် နှစ်ရှည်တည်တံ့စေနိုင်မည်

ကိုယ်လက်လေ့ကျင့်ခန်းနှင့် ဦးနှောက်စွမ်းရည်အကြားဆက်နွယ်မှုအကြောင်းကို ဩစတြေးလျနိုင်ငံမှ ဂုဏ်ထူးဆောင်ပါမောက္ခ ပယ်ရီဘတ္တလက်နှင့် ကွင်းစလန်ဦးနှောက်အဖွဲ့အစည်းမှ ဒေါက်တာဒန်နီယယ်ဘလက်မိုးတို့ ဦးဆောင်သောသုတေသီများ မကြာသေးမီကစူးစမ်းလေ့လာခဲ့ကြသည်။

အသက်၆၅နှင့် ၈၅နှစ်အကြား စေတနာ့ဝန်ထမ်းများကို ခြောက်လကြာ စခန်းသွင်းပြီးလေ့ကျင့်ခဲ့ရာမှ ထွက်ပေါ်လာသော ရလဒ်များကို အဆိုပါသုတေသီများ နှိုင်းယှဉ်လေ့လာခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့လေ့လာရာမှ လေ့ကျင့်ခန်းလုပ်သူများ၏ ဦးနှောက်စွမ်းရည် ငါးနှစ်အထိတည်တံ့ခဲ့ကြောင်း တွေ့ရှိရသည်ဟု ဂုဏ်ထူးဆောင်ပါမောက္ခ ပယ်ရီဘတ္တလက်နက ထုတ်ဖော်ပြောကြားသည်။ သို့ဖြစ်ရာ အသက်ဖ၀ကျော်သူများ ဦးနှောက်စွမ်းရည်ဖွံ့ဖြိုးစေရန်အတွက် မိမိတို့နှင့်ကိုက်ညီသော အဆင့်သုံးဆင့်ခွဲ၍ ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်သင့်သည်ဟု ၄င်းက အကြံပြုကြောင်း သိရသည်။ (SCI)

## Xukai ပါဝင်မည့် Fire Investigator မီးသတ်ဇာတ်ကား စတင်ရိုက်ကူး



တရုတ်အနုပညာကြယ်တစ်ပွင့်ဖြစ်သည့် ရှူကိန်နှင့်ဝါရင့်အနုပညာရှင် မင်းသားကြီး လျူရီတိုက်တို့ ပါဝင်ထားသည့် Fire Investigator မီးသတ်ဇာတ်လမ်း စတင်ရိုက်ကူးရေး ပြုလုပ်ပြီးဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားကို Youku မှ ထုတ်လုပ်ထားပြီး မီးသတ်ဇာတ်လမ်းရိုက်ကူးရေးကန်တော့ပွဲသို့ ရှူကိန် လျူရီတိုက်တို့နှင့်အတူ အနုပညာရှင်များ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

ဝါရင့်မင်းသားကြီး လျူရီတိုက်က မီးသတ်ဇာတ်လမ်းတွင် ပါဝင်ခွင့်ရသည့်အတွက် ဂုဏ်ယူမိကြောင်း မီးသတ်သမားများ၏ဘဝကို ပုံဖော်ရိုက်ကူးရာတွင် ရင်နှင့်ဖွယ်ဖြစ်ရပ်များနှင့် ကြုံတွေ့ရပုံအကြောင်းများကို ဝေဆာစွာ ပြောကြားသွားသည်။

ရှူကိန်မှာ အနုပညာအရည်အသွေးပြည့်ဝသူဖြစ်ပြီး သူပါဝင်ထားသော ဇာတ်ကားများ လူကြိုက်များခဲ့ကာ ပရိသတ်အားပေးမှုတစ်ခဲနက်ရရှိထားသည်။ (SKY)

## Diliraba Dilmurat ကို Lenovo ဖက်ရှင်နှင့်တွေ့ရ



တရုတ်အနုပညာရှင် ဒီလ်ရီဘာဒီမူရတ်ကို Lenovo Brand Event တွင် ဖက်ရှင်သစ်နှင့် တွေ့မြင်ရ၍ နတ်ပြည်မှ လူယောင်ဖန်ဆင်းလာသူဟု ပရိသတ်မှတ်ချက်ပေးထားကြသည်။

ဒီလ်ရီဘာဒီမူရတ်သည် အဆိုပါပွဲတက်ဝတ်စုံကို Antonio Grimaldi ၏ Spring/Summer Haute Couture Dress အဖြူရောင်နှင့် ဖက်ရှင်သစ်စတိုင်လ်အဖြူရောင်ကို ဝတ်ဆင်ထားသည်။

ဒီလ်ရီဘာဒီမူရတ်၏ လှပကျော့ရှင်းမှုနှင့် ဖက်ရှင်စတိုင်လ်သစ်ကြောင့် လူမဟုတ်နိုင်။ နတ်ပြည်မှ လူယောင်ဖန်ဆင်း ဆင်းသက်လာသူဟု ပရိသတ်များ မှတ်ချက်ပေးထားကြသည်။ (SKY)

## အမေရိကန်အဆိုတော် Sofia Carson က Jimin ၏ တစ်ကိုယ်တော်ဂီတတွင် ပါဝင်



ဘီတီအက်စ်၏အဖွဲ့ဝင် ဂျီမင်၏ တစ်ကိုယ်တော်ဂီတဒုတိယခွေတွင် အမေရိကန်အဆိုတော် ဆိုဖီယာကာဆင်နှင့် ရက်ပ်ပါလိုကိုတို့ ပါဝင်အားဖြည့်ပေးထားကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆိုဖီယာကာဆင်မှာ အမေရိကန်အဆိုတော် တစ်ဦးဖြစ်ပြီး ပတ်ဂျီမင်၏ ဂီတအယ်လ်ဘမ်ဘီဆိုက်သီချင်း Slow Dance တွင် နောက်ခံသီဆိုပေးမည်ဖြစ်သည်။

ရက်ပ်ပါလိုကိုမှာ Me The Money Minet ရက်ပ်ပြိုင်ပွဲပထမအစီအစဉ်တွင် ပထမရရှိခဲ့သူဖြစ်ပြီး ရက်ပ်လောကတွင် ကျော်ကြားကာ ဂျီမင်သီချင်း Semeraldo Garden Marching Band တွင် ရက်ပ်သီဆိုမည်ဖြစ်သည်။

ပတ်ဂျီမင်ကိုယ်တိုင်စနစ်တကျစီစဉ်၍ ထုတ်လုပ်ထားကာ Crossword အဖြေများပါ ပဟေဠိပေးထားသည့် ပတ်ဂျီမင်ဖြစ်သည်။

(SKY)

0-0-0-0-0-0



## ဗြိတိန်ဘုရင်ချားလ်စ်နှင့် ကြင်ရာတော် သြစတြေးလျနိုင်ငံသို့ သွားရောက်မည်

**လန်ဒန် ဇူလိုင် ၁၅**

ဗြိတိန်ဘုရင် တတိယမြောက် ချားလ်စ်နှင့်ကြင်ရာတော်ကမီလာတို့ သြစတြေးလျနိုင်ငံသို့ လာမည့်အောက်တိုဘာလတွင် သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ချားလ်စ်ဘုရင်အနေဖြင့် ယခုနှစ်စောစောပိုင်းတွင် ကင်ဆာရောဂါကုသမှုခံယူခဲ့ပြီးနောက် ပြန်လည်ကျန်းမာလာခဲ့သည်။

ထိုသို့ကျန်းမာလာသဖြင့် ၄င်းဘုရင်ဖြစ်လာပြီး သြစတြေးလျသို့ ပထမဆုံးသွားရောက်မည့် ခရီးစဉ်ကို စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အခြေခံပညာ အခမဲ့စနစ်ပြဌာန်းပြီးနောက် ဇမ်ဘီယာနိုင်ငံ၌ ကျောင်းသားဦးရေတိုးလာ



**လူဆာကာ ဇူလိုင် ၁၅**

၂၀၂၁ ခုနှစ်တွင် အစိုးရက အခြေခံပညာ အခမဲ့စနစ်ပြဌာန်းပြီးနောက် ဇမ်ဘီယာနိုင်ငံ၌ ကျောင်းသားဦးရေ တိုးလာလျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကျွန်မ၂၀၁၉ခု နှစ်ကတည်းက ကျောင်းဆရာမလုပ်လာတာ အရင်က အတန်းတစ်တန်းမှာ ကလေးအယောက် ၄၀ လောက်ပဲရှိတယ်။ အခုဆိုရင် အယောက် ၁၀၀ ကျော်နေပြီဟု အသက် ၃၃ နှစ်အရွယ်က လီယိုပါထရာဇူးလူးဟုအမည်ရသော ဆရာမက ထုတ်ဖော်ပြောကြားသည်။

ကလေးတွေများလာတော့ တစ်ယောက်ချင်းစီကို အာရုံစိုက်ဖို့ခက်ခဲလာတယ်။ သင်ပေးတဲ့ဘာသာရပ်တွေကို လျှော့ပစ်လိုက်မှ အဆင်ပြေသလိုဖြစ်သွားတယ်ဟုလည်း ထိုဆရာမက ရှင်းပြသည်။

ကျောင်းသား၊ ကျောင်းသူအရေအတွက်များလာပြီး စာသင်ခန်း၊ ထိုင်ခုံ၊ ဖတ်စာအုပ်မလုံလောက်သည့် ပြဿနာရှိသော်လည်း ကလေးများလမ်းပေါ်တွင် လေလွင့်မနေဘဲ စာသင်ခန်းထဲသို့ရောက်လာသည်ကို အားရကျေနပ်မိကြောင်း ဇမ်ဘီယာပညာရေးဝန်ကြီး ဒေါက်ဂလပ်စ်ဆယာကလီမာက ထုတ်ဖော်ပြောကြားသည်။

အခြေခံပညာအခမဲ့ သင်ကြားခွင့်ရခြင်းကြောင့် ဇမ်ဘီယာလူငယ်များ၏ အနာဂတ်တန်းတူညီမျှပိုမိုတောက်ပခွင့်ရလာမည်ဟု မျှော်လင့်ကြောင်း သိရသည်။ **Mon**

## ရဝမ်ဒါနိုင်ငံတွင် ရွေးကောက်ပွဲအတွက် မဲပေးနေ သမ္မတပေါလ်ကာဂါမဲ ထပ်မံအနိုင်ရမည်ဟု မျှော်လင့်

**ကီဂါလီ ဇူလိုင် ၁၅**

ရဝမ်ဒါနိုင်ငံတွင် ရွေးကောက်ပွဲအတွက် မဲပေးနေကြပြီဖြစ်ရာ အသက် ၆၆ နှစ်အရွယ် သမ္မတပေါလ်ကာဂါမဲ ထပ်မံအနိုင်ရမည်ဟု ၄င်းဘက်မှ အားပေးထောက်ခံသူများ မျှော်လင့်ထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၀၀၀ ပြည့်နှစ်က စတင်အာဏာရခဲ့သော ပေါလ်ကာဂါမဲအနေဖြင့် ယခုနှစ်တွင် ရွေးကောက်ပွဲအနိုင်ရပါက စတုတ္ထမြောက်သက်တမ်းကို တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

၁၉၉၄ ခုနှစ်တွင် ဖြစ်ပွားသည့် လူပေါင်း ၈၀၀၀၀၀ ခန့်သေဆုံးခဲ့ရသော တူ့ဆီနှင့်ဟူးတူးသတ်ဖြတ်မှုများအပြီးတွင် ရဝမ်ဒါနိုင်ငံ တည်ငြိမ်အေးချမ်းကာ စီးပွားရေးကောင်းမွန်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သဖြင့် အများထောက်ခံမှုရရှိခဲ့ခြင်းဖြစ်သည်။



နောက်ပိုင်းတွင်မူ ပေါလ်ကာဂါမဲကအာဏာကို ဆုပ်ကိုင်ထားသည်ဟု အတိုက်အခံနိုင်ငံရေးအင်အားစုများ ဝေဖန်ထောက်ပြလာကြောင်းသိရသည်။ **Mon**

## သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့်ပုံပါ တီရှပ်များ ဝေ့ပိုလူမှုကွန်ရက်တွင် အရောင်းပိတ်ပင်ခံရ

**ပေကျင်း ဇူလိုင် ၁၅**

သေနတ်ပစ်ခံရသော အမေရိကန်သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့်ပုံပါ တီရှပ်များ ဝေ့ပိုလူမှုကွန်ရက်တွင် အရောင်းပိတ်ပင်ခံရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဇူလိုင် ၁၃ ရက်က အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားပြည်နယ်၌ ဒေါ်နယ်လ်ထရမ့် သေနတ်ဖြင့် ပစ်ခတ်ခံရပြီး နာရီပိုင်းအတွင်း တရုတ်နိုင်ငံရှိ စီးပွားရေးအကွက်မြင်သူများက ကိုယ်ရံတော်များအကြားမှ ၄င်း





လက်သီးလက်မောင်းတန်းနေသည့် ဓာတ်ပုံကို တီရှပ်ပေါ်တွင် တံဆိပ်ရိုက်ပြီး ဖြန့်ချိရောင်းချခဲ့သည်။

အားမာန်ပါသော ယင်းဓာတ်ပုံကို အိတ်ခ်စ်လူမှုကွန်ရက်အပေါ်အဝင် အင်တာနက်ထဲသို့ အဆင့်ဆင့် ဖြန့်ဖြူးပေးခဲ့ရာမှ နာရီပိုင်းအတွင်း တစ်မဟုတ်ချင်း ပျံ့နှံ့သွားခဲ့သည်။

တရုတ်အခြေစိုက် တောင်းပေါင်းအင်တာနက်ဈေးကွက်ထဲတွင် ထိုဓာတ်ပုံရိုက်နှိပ်ထားသော တီရှပ်များရောင်းချခဲ့ရာ သုံးနာရီအတွင်း အထည်ထောင်နှင့်ချီ၍ မှာယူခဲ့ကြသည်။

ယခုအခါ အေပီသတင်းထောက် အီဗန်ဗူချီအမိအရ ရိုက်ကူးခဲ့သော ယင်းဓာတ်ပုံပါရှိသည့် တီရှပ်ရောင်းချခြင်းကို ဝေ့ပိုလူမှုကွန်ရက်အတွင်း ပိတ်ပင်ထားကြောင်း သိရသည်။

**Mon**



## အင်ဒိုနီးရှားနိုင်ငံ နူဆန်တာရာ မြို့တော်သစ်သို့ ပို့ဆောင်ရေးဝန်ကြီး ပြောင်းရွှေ့တာဝန်ထမ်းဆောင်

**ဂျကာတာ ဇူလိုင် ၁၅**

အင်ဒိုနီးရှားနိုင်ငံ နူဆန်တာရာမြို့တော်သစ်သို့ ပို့ဆောင်ရေးဝန်ကြီး ဘူဒီကာယာဆူမာဒီ ဇူလိုင် ၁၁ ရက်နေ့ကတည်းက ပြောင်းရွှေ့တာဝန်ထမ်းဆောင်နေပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအဆောက်အအုံများအတွင်း ပရိဘောဂနှင့် အခြားအသုံးအဆောင်မပြည့်စုံသေးသည့်တိုင် မြို့တော်သစ်နယ်နိမိတ်အတွင်းရှိ မီးရထားလမ်းများ အပြီးသတ်ဖောက်လုပ်ရေးအတွက် ဝန်ကြီး ဘူဒီကာယာဆူမာဒီဦးဆောင်ကာ သက်ဆိုင်ရာအင်ဂျင်နီယာများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

သမ္မတဂျိုကိုဝီဒိုဒိုသည် နူဆန်တာရာမြို့တော်သစ်သို့ ဇူလိုင်လဆန်းပိုင်း၌ ပြောင်းရွှေ့လာမည်ဟု မျှော်မှန်းခဲ့သော်လည်း သောက်သုံးရေနှင့် လျှပ်စစ်မီးမရသေးသဖြင့် အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့ရသည်။

နူဆန်တာရာကို အင်ဒိုနီးရှားနိုင်ငံ၏မြို့တော်သစ်အဖြစ် ဂျိုကိုဝီဒိုဒို အတည်ပြုမိန့်ထုတ်ပြန်ပေးရမည်ဖြစ်သော်လည်း တည်ဆောက်ရေးလုပ်ငန်းများ အပြီးမသတ်နိုင်သေးသဖြင့် အောက်တိုဘာ ၂၀ ရက်တွင် တာဝန်လွှဲပြောင်းရယူမည့် သမ္မတပရာဘိုဝိုဆူဘီယန်တိုက ထိုအမိန့်ကို ထုတ်ပြန်ပေးရမလိုဖြစ်နေကြောင်း သိရသည်။ **Mon**

မကြာသေးမီက စတုတ္ထမြောက်သက်တမ်းအတွက် အာဏာရခဲ့သော နီပေါဝန်ကြီးချုပ် ခေတ်ဒ်ဂါပရာဆတ်ရှာမာအိုလီကို တွေ့ရစဉ်။ **Mon**



## ကမ္ဘာ့စမတ်ဖုန်း ဈေးကွက်အခြေအနေကောင်းမွန် ဒုတိယသုံးလအတွင်း ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်

**စင်ကာပူ ဇူလိုင် ၁၅**

ယခုနှစ် ကမ္ဘာ့စမတ်ဖုန်းဈေးကွက်အခြေအနေကောင်းမွန်လျက်ရှိရာ ဒုတိယသုံးလအတွင်း ၆ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုနှစ် စမတ်ဖုန်းဈေးကွက်တွင် ဝယ်ယူသူအများစုက မှတ်ဉာဏ်တုစနစ်ကောင်းမွန်သော ဖုန်းများကို အာရုံစိုက်ဝယ်ယူလာကြသည်။

ဈေးကွက်ဝေစုများကို နှိုင်းယှဉ်ကြည့်လျှင် ဆမ်ဆောင်းက ၁၈ ဒသမ ၉၊ အက်ပဲလ်က ၁၅ ဒသမ ၈၊ ရှောင်းမီက ၁၄ ဒသမ ၈ ဖြစ်ကြောင်း တွေ့ရမည်ဟု ဆိုသည်။ **Mon**



## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်



**ကွန်ဟိန်း ဇူလိုင် ၁၅**

သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ထိရောက်လျင်မြန်စွာ ရှာဖွေကယ်ဆယ်နိုင်ရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်း မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းကျော် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီခွဲက ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်း မှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဇာတ်တိုက်လေ့ကျင့်ခြင်း ပြုလုပ်ခဲ့သည်။

အသိပညာပေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူးက မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက် တာဝန်(၄)ရပ်ဖြစ်သော မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း Projector ဖြင့် ရှင်းလင်းတင်ပြပြီး ရှာဖွေကယ်ဆယ်ရေးပစ္စည်းအသုံးပြုပုံများအား သရုပ်ပြသခဲ့သည်။ ထို့နောက် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်း သရုပ်ပြခြင်းနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်မှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းသူများ၊ ကြက်ခြေနီအသင်းဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



## လူမှောင်ခို၊ လူကုန်ကူးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၁၅**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ အမှတ်(၁၂)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား ဗဟိုပြုကာ လူကုန်ကူး၊ လူမှောင်ခိုမှုနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ဂျန်မိုင်ကောင်း နယ်မြေရှိ မြတ်ပါရမီကိုယ်ပိုင်အထက်တန်းကျောင်းတွင် လူမှောင်ခို၊ လူကုန်ကူးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့သည်။

ရှေးဦးစွာ အမှတ်(၁၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ ဒုတိယတပ်ဖွဲ့စုမှူး၊ ဒုရဲမှူးသိန်းထိုက်အေးက လူမှောင်ခို၊ လူကုန်းကူးမှု ဖြစ်စဉ်များနှင့် ဖြစ်ပွားစေသည့် အကြောင်းအရင်းများ၊ လူကုန်ကူးမှုဖြစ်ပွားပါက ချမှတ်နိုင်သည့် ဥပဒေ၊ နည်းဥပဒေများ၊ လူကုန်ကူးမှု မခံရစေရေး သတိထားရမည့်အချက်များ၊ အမှတ်(၂)ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ရဲတပ်ဖွဲ့စိတ်မှ ရဲအုပ် သောင်းရွှေက ကလေးသူငယ်များဆိုင်ရာ အခွင့်အရေးများ၊ ကလေးသူငယ် လိင်ပိုင်းဆိုင်ရာကာကွယ်စောင့်ရှောက်ရေး ဥပဒေများ၊ ပြစ်မှု၊ ပြစ်ဒဏ်များ၊ ကလေးသူငယ်များအပေါ် အင်တာနက်မှတစ်ဆင့် နည်းမျိုးစုံဖြင့် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးခြင်းတို့မှ အကာအကွယ်ပေးရေးဆိုင်ရာ အာဆီယံဒေသတွင်း လုပ်ငန်းစီမံချက်နှင့်ပတ်သက်သည့် အကြောင်းအရာများအား ပရိုဂျက်တာဖြင့် အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ တက်ရောက်လာသူသည့် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့သည်။ ဟောပြောပွဲသို့ ဆရာ၊ ဆရာမများ၊ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၄)

*-*-*-*-*

*-*-*-*-*-*

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ





## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်အောင်မြို့နယ်၌ တရားမဝင် ကျွန်းသစ် (၀ ဒသမ ၅၀၄)တန်၊ အခြားသစ် (၀ ဒသမ ၂၆၅)တန်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၁၃ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် သံလွင်တံတား ပူးပေါင်း စစ်ဆေးရေးဂိတ်(တရုတ်လှကျေးရွာဘက်ခြမ်း)၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Lenovo Laptop Co-mputer(Used) (၄၀) အပါအဝင် ကုန်ပစ္စည်း(၂)မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် King Long Bus (၁)စီး ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*

## ဘားအံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၂ ရက် ညနေ ၆ နာရီက သတင်းအရ သက်သေများနှင့်အတူ ဘားအံမြို့နယ်၊ နောင်တုတ်ကျေးရွာနေ စောအင့်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၇၀ အားတွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဇူလိုင် ၁၃ ရက် ညနေ ၇ နာရီက အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချသူ စောဝေလင်းအောင်(ခ) စောအဆူးအား ၄င်းနေထိုင်သည့် ဘားအံမြို့နယ်၊ အိန္ဒုကျေးရွာရှိ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀နှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် စောအင့်(၂၀)နှစ်နှင့် စောဝေလင်းအောင်(ခ)စောအဆူး(၃၀)နှစ်တို့အား အိန္ဒုနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုများရေးဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ပန်းမော်မြို့အလယ်ရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွား

**ဗန်းမော် ဇူလိုင် ၁၅**

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့၊ အလယ်ရပ်ကွက်တွင်ဇူလိုင် ၁၃ ရက် ည ၉ နာရီ မိနစ် ၄၀ ခန့်က မီးလောင်မှုဖြစ်ပွားကြောင်းသတင်းရရှိသဖြင့် ဗန်းမော်ခရိုင်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် သုံးစီး၊ မီးသတ်စက်ယာဉ် တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ထွက်ခွာငြိမ်းသတ်ရာ ည ၁၀ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဗန်းမော်နယ်မြေရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၄၅)

## ရေဆိုးထုတ်ပြွန်တည်ဆောက်ရေးဆောင်ရွက်စဉ် ရေများဝင်ရောက်ပြီး အလုပ်သမား(၇)ဦး ပျောက်ဆုံး

**မန္တလေး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ငယ်တိုးကျေးရွာအုပ်စု၊ ယမ်းပုံကျေးရွာထိပ်၊ ဧရာဝတီမြစ်အတွင်း(အမရပူရမြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဧရိယာ)တွင် ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်က ရေဆိုးထုတ်ပြွန်အား တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေစဉ် သဲဖြင့်ကာရံထားသောတုတ်မှ ရေများဝင်ရောက်လာပြီး လုပ်ငန်းဆောင်ရွက်နေသောအလုပ်သမား အမျိုးသား ၁၀ ဦးအနက် အမျိုးသား(၇)ဦးမှာ ရေနစ်ပျောက်ဆုံးနေကြောင်းသတင်းရရှိသဖြင့် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း ဦးဆောင်၍ အုပ်ချုပ်မှုယာဉ်(၂)စီး၊ မီးသတ်ယာဉ်(၃)စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ရေပြင်ရှာဖွေကယ်ဆယ်ရေးပစ္စည်းများအသုံးပြု၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)(၀၄၅)

# လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိနိုင်ရေး

**နော်ယဉ်ကျေး**

လျှပ်စစ်ဓာတ်အား စနစ်တစ်ခုကောင်းစွာ လည်ပတ်နိုင်ဖို့ လျှပ်စစ်ထုတ်လုပ်ခြင်း (Generation) ၊ လျှပ်စစ်သွယ်တန်းခြင်း (Transmission) နှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း (Distribution)တို့အား တစ်ပြိုင်ထဲ ဆောင်ရွက်ကြရသည်။ လျှပ်စစ်ထုတ်လုပ်သည့်စက်များမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် ထွက်ပြီး အသုံးမရှိလျှင် စက်များအလိုအလျောက် ရပ်ဆိုင်းအောင် စီမံဆောင်ရွက်ထားလေ့ရှိကြသည်။ အဆိုပါထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို မြို့ရွာများသို့ ဖြန့်ဖြူးရေး ဆောင်ရွက်နိုင်အောင် ဓာတ်အားစနစ်ကွန်ရက်ကြီး တစ်ခုတည်ဆောက်ထားပြီးလျှင် မဟာဓာတ်အားလိုင်းကြီးများဖြင့် ပင်မဓာတ်အားခွဲရုံ တစ်ခုနှင့်တစ်ခု ဆက်သွယ်ထားပါသည်။ ပင်မဓာတ်အားခွဲရုံဟုခေါ်သော ၂၃၀ ကေဗွီ သို့မဟုတ် ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံအကြီးစားများ တစ်ခုနှင့်တစ်ခုကို မဟာဓာတ်အားလိုင်းကြီးများက ဆက်သွယ်ပေးထားပြီး သက်ဆိုင်ရာမြို့ရွာများသို့ ၆၆ ကေဗွီ နှင့် ၃၃ ကေဗွီ ဓာတ်အားခွဲရုံအသေးများမှတစ်ဆင့် ဓာတ်အားလိုင်းတိုင်များဖြင့် ဓာတ်အားဖြန့်ဖြူးပေးပါသည်။ မြို့နယ်တစ်ခုအတွင်း ၁၁ ကေဗွီ ဓာတ်အားလိုင်း အသေးစားလေးများဖြင့် မိမိတို့ရပ်ရွာရှိ ထရန်စဖော်မာများသို့ ဓာတ်အားဖြန့်ဖြူးပေးထားပြီး ထိုမှတစ်ဆင့် ၀ ဒသမ ၄ ကေဗွီလိုင်း( ၄၀၀ ဗို့ ဓာတ်အားလိုင်း)များဖြင့် ရပ်ကွက်အတွင်း မီးသုံးသူပြည်သူများ၏ နေအိမ်သို့အရောက် ဓာတ်အားဖြန့်ဖြူးပေးနေခြင်း ဖြစ်ပါသည်။

ထိုသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားလိုင်းကြီးများ (မဟာဓာတ်အားလိုင်းများ)နှင့် ဓာတ်အားလိုင်းသေးများ (၆၆ ကေဗွီ ။ ၃၃ ကေဗွီ ။ ၁၁ ကေဗွီ ။ ၀ ဒသမ ၄ ကေဗွီ ဓာတ်အားလိုင်းများ)သည် လူခန္ဓာကိုယ်မှ အသက်သွေးကြောများသဖွယ် ဓာတ်အားကွန်ရက်အတွင်း ယှက်သွယ်နေကြခြင်းဖြစ်သည်။ လူခန္ဓာကိုယ်တွင် ပင်မသွေးကြောမကြီး ထိခိုက်ဒဏ်ရာရရှိပါက ပြန်လည်ကုသရန် ခက်ခဲသကဲ့သို့ ကျန်နေရာများသို့ သွေးမရောက်သဖြင့် အသက်အန္တရာယ် စိုးရိမ်လာရသလိုပင် ပင်မဓာတ်အားလိုင်းကြီးများဖြစ်သော မဟာဓာတ်အားလိုင်းတိုင်ကြီးများ ပျက်စီးခြင်း၊ ပြိုလဲခြင်းများဖြစ်ပေါ်လာပါက အဆိုပါမဟာဓာတ်အားလိုင်းကြီးမှတစ်ဆင့် ပင်မဓာတ်အားခွဲရုံမှ ဆက်သွယ်နေသော နေရာဒေသများအားလုံးတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကို ဖြစ်ပေါ်လာစေပါသည်။ ဓာတ်အားထုတ်လုပ်သည့်စက်ရုံများအနီးတွင် မဟာဓာတ်အားလိုင်းတိုင်ကြီးများ ပျက်စီးပါက ဓာတ်အားထုတ်လုပ်သည့်စက်များပင် အလိုအလျောက် ရပ်တန့်သွားစေပါလိမ့်မည်။ ခွဲရုံများမှ တစ်ဆင့်ခံ၍ ပေးထားသည့်နေရာဖြစ်ပါက အဆိုပါဓာတ်အားလိုင်းဘက်သို့ ဓာတ်အားမစီးရန် ပိတ်ထားပြီး ကျန်ဆက်သွယ်သည့်နေရာများသို့ ဓာတ်အားပို့လွှတ်၍ ရနိုင်ပါသေးသည်။

လူ့ခန္ဓာကိုယ်တွင် သွေးကြောအသေးစားရှိသောနေရာများတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပါက ဆေးကုသရန် လွယ်ကူသကဲ့သို့ ဓာတ်အားလိုင်းသေးများ ပျက်စီးက ပြုပြင်ရန် လွယ်ကူမြန်ဆန်သော်လည်း ပင်မဓာတ်အားလိုင်းကြီးများ ပျက်စီးပါက ပြုပြင်ရန် လွန်စွာခက်ခဲပြီး အချိန်လည်း ကြာမြင့်လေသည်။ မဟာဓာတ်အားလိုင်းတိုင်ကြီးများသည် အဝေးမှ ကြည့်မြင်ပါကသေးသည်ဟု ထင်ရသော်လည်း တစ်ခုချင်း အနီးကပ်ကြည့်ရှုပါက အလွန်ကြီးမားလှသောတိုင်များဖြစ်၍ တာဝါတိုင်များဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။ အဆိုပါတိုင်ကြီးများ ပျက်စီးခဲ့ပါက အစားထိုးပြုပြင်ရန် လူအင်အား၊ စက်ယန္တရားများနှင့် အစားထိုးပစ္စည်းများ မြောက်မြားစွာ လိုအပ်သည့်အပြင် ပြုပြင်တည်ဆောက်ရချိန်လည်း ကြာမြင့်ပါသည်။ သို့ဖြစ်၍ မဟာဓာတ်အားလိုင်းကြီးများ ဖျက်ဆီးခံရ၍ဖြစ်စေ၊ ရာသီဥတုကြောင့် ပျက်စီးခဲ့လျှင်ဖြစ်စေ အဆိုပါဓာတ်အားလိုင်းနှင့် ဆက်စပ်နေသော ဒေသတစ်ခုလုံး ဓာတ်အားပြတ်တောက်ခြင်းကို ရရှိခံစားကြရပေသည်။

လျှပ်စစ်ဆိုသောအရာသည်
လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးသော
ဂျင်နရေတာစက်ကြီးများကို ရေအားဖြင့်ဖြစ်စေ၊
ဓာတ်ငွေ့လောင်ကျွမ်း၍ ထွက်လာသော အပူဖြင့်
ရေနွေးငွေ့ တွန်းကန်အားဖြင့်ဖြစ်စေ၊
အခြားသောနည်းလမ်းများဖြင့်ဖြစ်စေ လည်ပတ်စေသောအခါမှ
ထွက်ရှိလာပြီး အဆိုပါထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို
ဓာတ်အားလိုင်းများ အဆင့်ဆင့်သွယ်တန်းပေးပို့၍
ဓာတ်အားခွဲရုံအဆင့်ဆင့်မှတစ်ဆင့် ဖြန့်ဖြူးပေးမှသာ
မိမိတို့ရပ်ကွက်အရောက်၊ နေအိမ်အရောက်
အသုံးပြုနိုင်ကြသည်ကို အသေးစိတ်သိရှိကြရန် ၊
ပညာပေးရန် အထူးလိုအပ်လျက်ရှိနေပေသည်။


သို့ရာတွင် အဆိုပါဒေသမှ ဒေသခံပြည်သူအများစုသည် မီးဘယ်အချိန်ပြန်ရမလဲဟူသော မေးခွန်းကိုသာ တစိုက်မတ်မတ် မေးမြန်းကြပါသည်။ တာဝါတိုင်များ ဖျက်ဆီးခံရသောသတင်းနှင့် ရာသီဥတုကြောင့် ပျက်စီးခြင်းသတင်းများကို နိုင်ငံပိုင် သတင်းစာများမှလည်းကောင်း၊ လူထုဆက်သွယ်ရေးမီဒီယာများမှလည်းကောင်း သိရှိထားကြပြီး ဖြစ်ကြသော်လည်း ၎င်းတို့၏ လျှပ်စစ်မီးရရှိမှုမှာ အဆိုပါတာဝါတိုင်များနှင့်ဆက်စပ်နေသည်ကို သတိပြုမိကြသူ အတော်နည်းနေသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့ရှိခဲ့ရပါသည်။

စာရေးသူအနေဖြင့် အဆိုပါ လျှပ်စစ်မီး ဘယ်အချိန်ပြန်ရမလဲ မေးနေသူများကို မေးခွန်းတစ်ခုမေးကြည့်ခဲ့မိသည်။ လျှပ်စစ်မီး ဘယ်ကနေရသလဲ ၊ ဘယ်လိုရသလဲဟူသော မေးခွန်းဖြစ်သည်။ အများစုက နေအိမ်ရှိ ပလပ်ပေါက်အား ထိုးသုံးလျှင် လျှပ်စစ်မီးရသည်ဟုလည်းကောင်း၊ အိမ်ရှေ့က ဓာတ်တိုင်မှာ ချိတ်လိုက်လျှင် လျှပ်စစ်မီးရသည်ဟုလည်းကောင်းဖြေကြပြီး လျှပ်စစ်မီးရရှိပုံ အဆင့်ဆင့်ကို မဖြေဆိုနိုင်ကြသည်က များပါသည်။ ယနေ့ လူအများစုသည် ဆန်ဘယ်ကရသလဲ မေးလျှင်ပင် ဆန်အိုးထဲကရသည်ဟုသာ ဖြေကြလိမ့်မည် ထင်ပါသည်။ စာဖတ်အားနည်းလာသော အကျိုးတရားပင် ဖြစ်ပါသည်။ လျှပ်စစ်ဆိုသောအရာသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးသော ဂျင်နရေတာစက်ကြီးများကို ရေအားဖြင့်ဖြစ်စေ၊ ဓာတ်ငွေ့လောင်ကျွမ်း၍ ထွက်လာသော အပူဖြင့် ရေနွေးငွေ့ တွန်းကန်အားဖြင့်ဖြစ်စေ၊ အခြားသောနည်းလမ်းများဖြင့် ဖြစ်စေ လည်ပတ်စေသောအခါမှ ထွက်ရှိလာပြီး အဆိုပါထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို ဓာတ်အားလိုင်းများအဆင့်ဆင့် သွယ်တန်းပေးပို့၍ ဓာတ်အားခွဲရုံအဆင့်ဆင့်မှတစ်ဆင့် ဖြန့်ဖြူးပေးမှသာ မိမိတို့ရပ်ကွက်အရောက်၊ နေအိမ်အရောက် အသုံးပြုနိုင်ကြသည်ကို အသေးစိတ်သိရှိကြရန် ၊ ပညာပေးရန် အထူးလိုအပ်လျက်ရှိနေပေသည်။ ယခုအခါ လူငယ်များသာမက လူကြီးစာရင်းဝင်အချို့ပင် စာဖတ်အား နည်းပါးလာကြပြီး သာမန်သိသင့်သိထိုက်သော ဗဟုသုတလေးများကိုပင် မသိရှိကြသည်မှာ ဝမ်းနည်းဖွယ်ရာ ကောင်းလှပါသည်။



လောကတွင် အရာရာသည် ဆက်စပ်နေသော သဘောတရားရှိသည်။ မြတ်စွာဘုရားရှင်ကလည်း အကြောင်းတရားကြောင့် အကျိုးတရားဖြစ်ရသည်ဟု ဟောကြားတော်မူခဲ့သည်။ လျှပ်စစ်တာဝါတိုင်တွေ ချိုးဖျက်ဆီးခံနေရသည်ကို တွေ့ပါလျက်နှင့် လျှပ်စစ်မီးမရဘူးလားဟူသော မေးခွန်းမျိုးသည် မေးရန်ပင်မသင့်လှသော မေးခွန်းမျိုးဖြစ်ပါသည်။ လျှပ်စစ်တာဝါတိုင်များကို ဖျက်ဆီးကြလို့ လျှပ်စစ်မီးမရတော့ဘဲ၊ မီးတွေပျက်နေခဲ့လို့ ဖျက်ဆီးခံရတဲ့ တာဝါတိုင်တွေ သွားပြုပြင်ပေးတဲ့အဖွဲ့တွေ ကိုယ့်တာဝန်ကိုယ်ကျေအောင် ထမ်းရွက်ခဲ့ကြတဲ့ ပြည်သူ့အတွက် အလင်းဆက်မဲ့ လျှပ်စစ်လက်တွေကို ထပ်ပြီးပစ်ခတ်ကြလို့ လက်နက်မဲ့တာဝန်သိ ပြည်သူ့ဝန်ထမ်းတွေ ပြည်သူအတွက် အသက်တွေ ပေးဆပ်ခဲ့ကြရတာတွေ ဝန်ထမ်းတွေ ဖမ်းဆီးခံရလို့ တာဝါတိုင်တွေကိုလည်း ဆက်ပြင်လို့ မရတော့ဘူး ဖြစ်နေတာကိုမှ မီးမလာတော့ဘူးလား၊ မီးမရတော့ဘူးလား စသည့် မေးခွန်းများသည် မည်သူတို့အား မေးသင့်သော မေးခွန်းများဖြစ်ကြသည်ကို မေးမြန်းသူတို့ကိုယ်တိုင် သိသင့်လှပါသည်။

တကယ်တော့ လောပိတစက်ရုံမှသွယ်တန်းထားသော မဟာဓာတ်အားလိုင်းတာဝါတိုင်များအား ဖျက်ဆီးခံရခြင်းကြောင့် မြန်မာတစ်နိုင်ငံလုံးနီးပါး လောပိတစက်ရုံမှ ဓာတ်အားကို မရရှိသဖြင့် ဓာတ်အားမလုံလောက်မှု ဖြစ်ပေါ်နေပြီး အလှည့်ကျ ဓာတ်အားပေးနေရခြင်းကဲ့သို့မျိုး ဖြစ်စဉ်များသည် ပြည်သူအတွက် အလင်းဆက်မည့် လျှပ်စစ်လက်တွေကြောင့်လား၊ အမှောင်ချမည့် လက်တွေကြောင့်လားဆိုသည်ကို ယခုလို အချိန်တွင် ကွဲကွဲပြားပြားသိမြင်ကြပြီး ပြည်သူတို့ လျှပ်စစ်မီးရရှိရေးအတွက် အသက်သွေးကြောသဖွယ်ဖြစ်သည့် မဟာဓာတ်အားလိုင်း တာဝါတိုင်ကြီးများ ပြုပြင်နိုင်ရေး ပြည်သူများပါ ပူးပေါင်းပါဝင်၍ ကြိုးပမ်းဆောင်ရွက်ကြမှသာ လျှပ်စစ်ဓာတ်အားကို အပြည့်အဝ ပြန်လည်အသုံးချနိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။



# နိုင်ငံတကာ အားကစား သတင်းများ




## ၂၀၂၄ ကိုပါအမေရိကဖလား ချန်ပီယံဆုကို အာဂျင်တီးနားအသင်း ဆွတ်ခူး

**လန်ဒန် ဇူလိုင် ၁၅**

၂၀၂၄ ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းနှင့် ကိုလံဘီယာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဂျင်တီးနားအသင်းက ကိုလံဘီယာအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့သည်။

အာဂျင်တီးနားအသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုးကို အချိန်ပို ၁၁၂ မိနစ်တွင် လော်တာရိုမာတီနက်ဇ်က သွင်းယူပေးခဲ့သည်။ (ဝဲပုံ)


အာဂျင်တီးနားအသင်းသည် အသင်းသမိုင်းတစ်လျှောက် ကိုပါအမေရိကဖလား ချန်ပီယံဆုကို စံချိန်တင် ၁၆ ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။ (NGB)

## ဇက်ဇီအား မန်ချက်စတာယူနိုက်တက်အသင်း ခေါ်ယူ

**မန်ချက်စတာ ဇူလိုင် ၁၅**

မန်ချက်စတာယူနိုက်တက်အသင်းသည် ဘိုလော့ညာအသင်း တိုက်စစ်မှူး ဇက်ဇီအား ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဘိုလော့ညာအသင်းနှင့် အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၈ ပွဲ ကစားပြီး ၁၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။




အသက်(၂၃)နှစ်အရွယ်ရှိ ဇက်ဇီက "ကျွန်တော် မန်ချက်စတာယူနိုက်တက်အသင်းသို့ ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော့်ရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ။ ဒီအသင်း အောင်မြင်တိုးတက်ဖို့လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ (ဝဲပုံ)(NGB)

## အယ်လ်ဗာရက်ဇ် မန်ချက်စတာစီးတီးအသင်းတွင် ဆက်ရှိသွားမည်

**မန်ချက်စတာ ဇူလိုင် ၁၅**

တိုက်စစ်မှူး အယ်လ်ဗာရက်ဇ်အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု မန်ချက်စတာစီးတီး အသင်းက အတည်ပြုခဲ့သည်။



အဆိုပါ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

တိုက်စစ်မှူး အယ်လ်ဗာရက်ဇ်သည် မန်ချက်စတာစီးတီး အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၃ပွဲကစားပြီး ၃၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

မန်ချက်စတာစီးတီးအသင်း ထုတ်ပြန်ချက်တွင် "အယ်လ်ဗာရက်ဇ်အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် အကောင်းဆုံးကစားသမားတစ်ဦးပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်" ဟု ထုတ်ပြန်သည်။

(အပေါ်ဝဲပုံ)
(NGB)

*-*-*-*-*



## ၂၀၂၄ ကိုပါအမေရိကဖလားပြိုင်ပွဲ အကောင်းဆုံးကစားသမားဆုကို ဂျိမ်းစ်ရိုဒရီဂွက်ဇ် ဆွတ်ခူး

**လန်ဒန် ဇူလိုင် ၁၅**


၂၀၂၄ ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲ အကောင်းဆုံး ကစားသမားဆုကို ကိုလံဘီယာအသင်း ကွင်းလယ်တိုက်စစ် ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် ကိုလံဘီယာအသင်းအား ၂၀၂၄ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲ ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်သည် ကိုလံဘီယာအသင်းနှင့်အတူ ၂၀၁၁မှ ၂၀၂၄ခုနှစ်အထိ ပြိုင်ပွဲ ၁၀၆ပွဲကစားကာ ၂၈ဂိုးထိ သွင်းယူထားသည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဂျိမ်းစ်ရိုဒရီဂွက်ဇ်က "ကျွန်တော် အခုလို အကောင်းဆုံးကစားသမားဆု ရရှိခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော် အခုလို ဆုရယူနိုင်တာကလည်း အသင်းဖော်တွေရဲ့ ဝိုင်းဝန်းပံ့ပိုး ကူညီမှုကြောင့်ပါ" ဟု ပြောသည်။ (အပေါ်ပုံ)(NGB)

## ယူရို ၂၀၂၄ ပြိုင်ပွဲ အကောင်းဆုံး ကစားသမားဆုကို ရိုဒရီဆွတ်ခူး



**လန်ဒန် ဇူလိုင် ၁၅**

ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ အကောင်းဆုံး ကစားသမားဆုကို စပိန်အသင်း ကွင်းလယ်ကစားသမား ရိုဒရီက ဆွတ်ခူးခဲ့သည်။

အဆိုပါ ကွင်းလယ်ကစား သမားသည် စပိန်လက်ရွေးစင် အသင်းအား ယူရို ၂၀၂၄ ချန်ပီယံဆုဖလား ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ကွင်းလယ် ကစားသမား ရိုဒရီသည် စပိန်အသင်းနှင့်အတူ ၂၀၁၈မှ ၂၀၂၄အထိ ပြိုင်ပွဲ ၅၆ပွဲ ကစားကာ ၄ဂိုးထိ သွင်းယူထားသည်။

အသက်(၂၈)နှစ်အရွယ်ရှိ ရိုဒရီက "ကျွန်တော် အခုလို အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေနဲ့အတူ လက်ရွေးစင်အသင်း အောင်မြင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။

(အပေါ်ဝဲပုံ)
(NGB)

## ဘောလုံးသတင်း အတိုအထွာများ

* အာဂျင်တီးနားလက်ရွေးစင်အသင်း ဝါရင့်ကစားသမား ဒီမာရီယာ အသင်းလက်ရွေးစင် ကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။
* အက်စတွန်ဗီလာအသင်းသည် အဲဗာတန်အသင်း ကစားသမား အမာဒူအိုနာနာအား ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

(NGB)

## 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Carlos Alcaraz ဆွတ်ခူး

**လန်ဒန် ဇူလိုင် ၁၅**

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Wimbledon တင်းနစ် ပြိုင်ပွဲ ချန်ပီယံဆုကို စပိန်တင်းနစ် ကစားသမား Carlos Alcaraz က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစား သမား Carlos Alcaraz သည် 2024 Wimbledon တင်းနစ် ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် နာမည်ကျော် ဆားဘီးယား တင်းနစ်ကစားသမား Novak Djokovic အား ၆-၂၊ ၆-၂၊ ၇-၆ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုအား ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ Carlos Alcaraz က "ကျွန်တော် အခုလို 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ပျော်ရွှင် မိပါတယ်။ နိုင်ငံအတွက်လည်း အကောင်းဆုံး ဂုဏ်ဆောင်နိုင်ခဲ့ပါတယ်။ ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တွေကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

(အောက်ပုံ)(NGB)



## အန်ကယ်တီယာအား ခေါ်ယူရန် မာဆေးလ်အသင်းစီစဉ်

**လန်ဒန် ဇူလိုင် ၁၅**

မာဆေးလ်အသင်းသည် အာဆင်နယ်အသင်းတိုက်စစ်မှူး အန်ကယ်တီယာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အာဆင်နယ် အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၇ပွဲ ကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မာဆေးလ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။ (ယာပုံ)

အာဆင်နယ်အသင်းကလည်း တိုက်စစ်မှူး အန်ကယ်တီယာ အတွက် ပြောင်းရွှေ့ကြေး ယူရိုသန်း ၄၀ ဝန်းကျင်ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် မာဆေးလ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် အာဆင်နယ်အသင်းထံမှ အန်ကယ်တီယာအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



# မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ အငှမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူရေး ငွေလှူဒါန်း

**မန္တလေး ဇူလိုင် ၁၅**

မန္တလေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အငှမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ရက် တွင် အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်တွင် ကျင်းပမည်။

အငှမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲတွင် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ပါမောက္ခချုပ် ဒုတိယပါမောက္ခချုပ်၊ မော်ကွန်းထိန်းအပါအဝင် နာယကဆရာတော် ၁၃ပါး၊မန္တလေးတက္ကသိုလ် ကျောင်းသားဟောင်း ရဟန်းပညာရှိ ၄၄ ပါးတို့အား မန္တလေးတက္ကသိုလ်ကျောင်းသား၊ကျောင်းသူဟောင်းများ လှူဒါန်းသည့် ဝါဆိုသင်္ကန်းနှင့် နဝကမ္မအလှူငွေများ လှူဒါန်းခြင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်တွင် ဝါဆိုမည့် စာသင်သား သံဃာတော် ၃၈၂ ပါးတို့အား တစ်နေ့တာ ဆွမ်းခဲဖွယ်ကပ်လှူ၍ ရေစက်သွန်းချ သာဓုအနုမောဒနာ ခေါ်ဆိုကာ လှူဒါန်းကြမည်ဖြစ်သည်။

အငှမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲအတွက် မန္တလေးတက္ကသိုလ် ကျောင်းသား၊ကျောင်းသူဟောင်းများက ငွေများ လှူဒါန်းကြရာ ဇူလိုင် ၁၄ရက်က အောင်မြေသာစံမြို့နယ်နေ ဦးအောင်ကျော်ကျော် + ဒေါ်စိန်အေးမြ(၁၉၈၄ဓာတု) မိသားစုက သင်္ကန်း ငါးစုံနှင့် ငွေကျပ် ၁၀ သိန်းတို့ကို လှူဒါန်းရာ ဝါဆိုသင်္ကန်းကပ်လှူပွဲဖြစ်မြောက်ရေးကော်မတီက လက်ခံရယူခဲ့သည်။ အနယ်နယ်အရပ်ရပ်မှ မန္တလေးတက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားဟောင်းများ ပါဝင်တက်ရောက်လှူဒါန်းကြရန် ဝါဆိုသင်္ကန်းကပ်လှူပွဲဖြစ်မြောက်ရေးအဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(ကဆ)**





# တောင်သမန်အင်း(ဦးပိန်တံတား)တွင် ရေတိုးလာသောကြောင့် လှေစီးသူနှင့် အင်းရေကြည့်ရန်လာရောက်သူ များပြား

**မန္တလေး ဇူလိုင် ၁၅**

မန္တလေး၊အမရပူရမြို့နယ်ရှိ တောင်သမန်အင်း(ဦးပိန်တံတား)တွင် ဇူလိုင် ၅ရက်ခန့်ကစ၍ အင်းရေတဖြည်းဖြည်းတိုးလာရာ ဇူလိုင် ၁၅ရက်တွင် တံတားကြမ်းလှုလျှောက်လမ်းနှင့်တစ်ပေခန့် အလို၌ အင်းရေ ရောက်ရှိနေပြီး ငှက်လှေစီးသူနှင့် အင်းရေကြည့်ရန် လာရောက်သူများပြားကြောင်း တောင်သမန်ငှက်လှေအသင်းမှ ဦးစိုးဝင်းက ပြောသည်။

မန္တလေးဆိပ်ကမ်းတွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေအမှတ် ရောက်ရှိနိုင်ကြောင်း မိုး/ဇလမှ အသိပေးချက်ထုတ်ပြန်ပြီးနောက်ပိုင်း အင်းနှင့် ဆက်သွယ်ထားသော ရေထိန်းတံခါးဖွင့်ချခဲ့ရာမှ မြန်ဆန်စွာ အင်းရေတိုးလာသည်ဟု ဆိုသည်။

"ဇွန်လကုန်လောက်က ရေသိပ်မရှိသေးဘူး။ ဇူလိုင်လဆန်းလောက်မှာ တံတားကြမ်းပျဉ်နဲ့ ခြောက်ပေလောက်အလိုမှာ ရှိသေးတယ်။ ရေထိန်းတံခါးဖွင့်လိုက်တော့ ဒီနေ့မှာအင်းရေက တံတားကြမ်းပျဉ်နဲ့ တစ်ပေလောက်အလိုထိ ရောက်နေတယ်။ ဒီရက်ပိုင်းမှာ ရေလာကြည့်တဲ့သူနဲ့ ငှက်လှေစီးသူတွေက ရေနည်းချိန်ကထက် များလာတယ်" ဟု ၎င်းက ပြောသည်။

လက်ရှိတွင် တံတားကြမ်းခင်းမှ တိုင်းတာပါက အလယ်ဇရပ်၌ တစ်ပေခန့်အလိုတွင် ရောက်ရှိနေပြီး အရှေ့ဘက်နှင့် အနောက်ဘက် ဇရပ်နေရာများ၌ ကြမ်းခင်းမှ နှစ်ပေခန့်အလိုတွင် အင်းရေမျက်နှာပြင်ရောက်ရှိနေကြောင်း၊ မယ်ဇယ်တန်းနှင့် စားသောက်ဆိုင်နေရာများတွင်လည်း အင်းရေရောက်ရှိနေသဖြင့် အချို့ဆိုင်များ ခေတ္တပိတ်ထားရသည်။

လာမယ့်ရက်တွေမှာ အင်းရေက အကျဘက်သွားတော့မယ်။ ဒီညနေကဆိုရင် လေးလက်မလောက် လျော့သွားပြီ။ မြစ်ရေကျသွားရင် ဒီဘက်မှာလည်း တဖြည်းဖြည်း လျော့လာမယ်။ ပုံမှန်ရက်နဲ့နှိုင်းယှဉ်ရင် ရေကြီးချိန်လည်းဖြစ်တယ်။ စနေ၊ တနင်္ဂနွေနဲ့ ဥပုသ်ရက်တွေမှာ လာတဲ့သူများပြီး ငှက်လှေစီးသူလည်းများတယ်။ ရေလာကြည့်တဲ့သူတွေကြောင့် ပိုပြီးစည်နေတာပေါ့"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ တာဝန်ရှိသူတစ်ဦးပြောကြားရာတွင် "ဦးပိန်တံတားရဲ့ အမြင့်ဆုံးနေရာက ၂၂ ပေခန့်ရှိတယ်။တံတားကြမ်းခင်းနဲ့ တစ်ပေကျော်လောက်အလိုမှာ တောင်သမန်အင်းရေ ရောက်နေတာဆိုရင် ၁၈ ပေလောက်တိုးလာတယ်လို့ ပြောရမယ်။တံတားနဲ့ ပတ်သက်လို့ စစ်ဆေးထိန်းသိမ်းမှုတွေ ဌာနအနေနဲ့ လုပ်နေပါတယ်"ဟု ပြောသည်။**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-ဇ)**

# မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစိုက်ပျိုးစရိတ်များ ဆက်လက် ထုတ်ချေး

**စဉ့်ကိုင် ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိ လယ်ယာစိုက်ပျိုးလုပ်ကိုင်လျက်ရှိသော တောင်သူများ၏ လယ်ယာမြေများတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ဇူလိုင် ၁ရက်မှ စတင်၍ ရပ်ကွက်/ ကျေးရွာများအလိုက် ထုတ်ပေးလျက်ရှိရာ ဇူလိုင် ၁၂ ရက် နံနက် ၁၀နာရီခွဲတွင်လည်း အုန်းပင်ခြံကျေးရွာအုပ်စုအတွင်းရှိ တောင်သူများအား ဆက်လက်ထုတ်ချေးပေးလျက်ရှိသည်။ **(အောက်ပုံ)**

စဉ့်ကိုင်မြို့နယ်တွင် ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ငွေများကို တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးလျက်ရှိရာ ယနေ့အထိ ကျေးရွာ ကိုးအုပ်စုရှိ တောင်သူ ၃၀၀ဦး၏ စိုက်ပျိုးဧက ၁၃၀၇ အတွက် ငွေကျပ် ၁၉၂ ဒသမ ၆၅သန်းကို ထုတ်ချေးပေးပြီးဖြစ်ကြောင်းသိရပြီး စိုက်ပျိုးစရိတ်ချေးငွေများကို တစ်နှစ်အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် ၂၀၂၅ ခုနှစ် ဧပြီလကုန် နောက်ဆုံးထား၍ ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးလှစိုးထံက သိရသည်။

**(၃၉၉)**



## တစ်ချက်တည်း ကျင်းဝင်

**မန္တလေး ဇူလိုင် ၁၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် ဇူလိုင် ၁၄ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က မစောယုသည် အတူကစားဖော်များဖြစ်ကြသော ကိုထက်ပိုင်လင်း၊ ကိုဝင်းထွဋ်အောင်၊ ကိုထွန်းလင်းအောင်၊ ဒေါက်တာဆန်းထွန်းရွှေတို့နှင့်အတူ ဂေါက်ရိုက်ကစားရာ ၁၃၁ကိုက် ကွာဝေးသော ကျင်းအမှတ်(၁၄) ၌ SRIXON-4 ဂေါက်သီးအား COBRA-23 ဂေါက်တံဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသဖြင့် မစောယုအား SWEETY HOME Company မှ ဆုငွေကျပ် နှစ်သိန်းတန်ကူပွန်၊ Myanmar Casual Wear Company မှ ဂေါက်အိတ်တစ်လုံး၊ ရှောက်လုံခမ်းဟော့ပေါ့မှ ငွေကျပ် ငါးသိန်းတန်ကူပွန်တို့ကို ချီးမြှင့်ခဲ့သည်။ **(ကဆ)**

အသက်သည် သွေး၊ သွေးသည် အသက် ။

# ပန်းခင်းစီမံချက်(၃)ဖြင့် ကျောင်းများသို့ ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဇူလိုင် ၁၅**

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်း ဦးဆောင်သည့် ဝန်ထမ်းများသည် ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက် ၉ နာရီမှစတင်၍ တမ္ပဝတီရပ်ကွက်၊အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်းတွင် ဆောင်ရွက်ပေးခဲ့သည်။

ထို့သို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျောင်းတွင် ပညာသင်ကြားနေသော အသက် ၁၀ နှစ်ပြည့်နှင့် ၁၈နှစ်ပြည့်ပြီး မှတ်ပုံတင်မပြုလုပ်ရသေးသူများအား ပန်းခင်းစီမံချက် (၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရရသည်။ **(ယာပုံ) ချမ်းမြေ့**



# တံတားဦးမြို့နယ်တွင် ၂၀၂၄ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**တံတားဦး ဇူလိုင် ၁၅**

တံတားဦးခရိုင်/မြို့နယ်၏ ၂၀၂၄ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၇ နာရီက တံတားဦးမြို့နယ် သူငယ်တော်ကျေးရွာအုပ်စု၊ သူငယ်တော်တောရ ဘုန်းတော်ကြီး ကျောင်းဝင်းတွင်း၌ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးဆောင်ကျင်းပသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုင်းက မိုးရာသီသစ်ပင်စိုက်ပျိုးရန်အတွက် ရတနာတန်းဝင် ကျွန်းပင်များကို တာဝန်ရှိသူထံသို့ လည်းကောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုက မိုးရာသီ သစ်ပင်စိုက်ပျိုးရန်အတွက် ရတနာတန်းဝင် ကျွန်းပင်များကို ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ကျောင်းသား၊ ကျောင်းသူများထံသို့လည်းကောင်း အသီးသီး ပေးသည်။ ထို့နောက် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ရတနာတန်းဝင် ကျွန်းပင် ၁၉၅ပင်အား တပျော်တစ်ပါး စိုက်ပျိုးကြသည်။



စိုက်ပျိုးသည့် သစ်ပင်များ ရှင်သန်ကြီးထွားဖွံ့ဖြိုးစေရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများက ရေလောင်းခြင်းလုပ်ငန်းနှင့် လိုအပ်သည့် မြေဩဇာကျွေးခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းလုပ်ငန်းများကို စနစ်တကျ ပြုစုထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူးထံမှ သိရသည် ။

တံတားဦးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သစ်တောသစ်ပင်များ၏ တန်ဖိုးကို သိရှိနားလည်နိုင်စေရန်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ရာသီဥတု ကောင်းမွန်မျှတစေရေး၊ အရိပ်အာဝါသနှင့် မျက်စိပသာဒ ကြည်လင်အေးမြစေရေး၊ အပူဒဏ်ကာကွယ်နိုင်စေရေး စသည့်ရည်ရွယ်ချက်များဖြင့် နှစ်စဉ် ဌာနဆိုင်ရာများနှင့် စုပေါင်းပြီး သစ်ပင်စိုက်ပျိုးပွဲများကို အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၀၉)

*-*-*

*-*-*-*-*



# ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ နန္ဒပညာဘုရားအစုအဝေးအတွင်း ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ညောင်ဦး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း မင်းနန်သူကျေးရွာအုပ်စုရှိ နန္ဒပညာဘုရား ပတ်ဝန်းကျင်ရှိ ရှေးဟောင်းဘုရားများ ဘုရားအစုအဝေးအတွင်း ဇူလိုင် ၁၃ရက် နံနက် ၇ နာရီက ညောင်ဦးခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ပြုလုပ်သည်။

ညောင်ဦးခရိုင် စီမံအဖွဲ့ဝင်များနှင့် ညောင်ဦးမြို့နယ်စီမံအဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ညောင်ဦးမြို့နယ်ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ညောင်ဦးမြို့၊ မင်းနန်သူကျေးရွာအုပ်စု၊ နန္ဒပညာဘုရားအနီးရှိ ရှေးဟောင်းဘုရားများ အစုအဝေးအတွင်း အမှိုက်များ၊ ပေါင်းမြက်များနှင့် ချုံနွယ်ပိတ်ပေါင်းများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ပြီး ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်တို့ဖြင့် ရှင်းလင်းပြီးပေါင်းမြက်များ၊ သစ်ပင်သစ်ကိုင်းများကို စည်ပင်သာယာရေး အမှိုက်ကျင်းသို့ ပို့ဆောင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၄၈၁)

# ရေဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေဘေးသင့်အိမ်ထောင်စုများအား ရေဘေးရှောင်စခန်းသို့ ပြောင်းရွှေ့

**အောင်လံ ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်အမှတ်ကျော်လွန်၍ မြင့်တက်လာသောကြောင့် မြေနိမ့်ပိုင်းတွင် မြစ်ရေဝင်ရောက်သည့် ရပ်ကွက်များဖြစ်သော မကျီးကုန်း၊ သရက်တော၊ တရော်ကုန်း၊ စက်ရုံရပ်ကွက်များ၏ မြေနိမ့်ပိုင်းရှိ ရေဘေးသင့် အိမ်ထောင်စုများအား အန္တရာယ်ကင်းဝေးစေရန်နှင့် စိတ်အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ ဦးဆောင်၍ မီးသတ်ဦးစီးဌာနနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ချက်ချင်းသွားရောက်ပြီး ရေဘေးရှောင်စခန်းအသီးသီးသို့ ကူညီရွှေ့ပြောင်းပေးခဲ့သည်။

ထိုသို့ ရေဘေးသင့် အိမ်ထောင်စုများအား ရပ်ကွက်အသီးသီးရှိ ရေဘေးရှောင်စခန်းများ၌ ထားရှိရာ ဇူလိုင် ၁၂ ရက်တွင် သရက်တောရပ်ကွက်မှ အိမ်ထောင်စု ၁၃စု၊ လူဦးရေ ၄၆ဦးအား သရက်တောဘိုကုန်းဓမ္မာရုံ၌လည်းကောင်း၊ ဇူလိုင် ၁၃ရက်တွင် သရက်တောရပ်ကွက်မှ အိမ်ထောင်စု ၈စု၊ လူဦးရေ ၃၀ဦးအား သရက်တောဘိုကုန်းဓမ္မာရုံ၌လည်းကောင်း၊ သရက်တောရပ်ကွက်မှ အိမ်ထောင်စု ၁၀စု၊ လူဦးရေ ၃၉ဦးအား ရေဝန်းဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ စမ်းချောင်းရပ်ကွက်မှ အိမ်ထောင်စု ၆၀စု၊ လူဦးရေ ၂၁၈ဦးအား ကုသိနာဇာတ်ရုံ၌လည်းကောင်း၊ စက်ရုံရပ်ကွက်မှ အိမ်ထောင်စု ၁၆စု၊ လူဦးရေ ၇၁ဦးအား ကုသိနာရုံစောင်းတန်း၌လည်းကောင်း အသီးသီးလက်ခံထားရှိခဲ့ပြီး ဇူလိုင် ၁၄ ရက်တွင် စက်ရုံရပ်ကွက်မှ ထပ်တိုးအိမ်ထောင်စု ၂၅စု၊ လူဦးရေ ၁၀၀ဦးအား ကုသိနာရုံစောင်းတန်း၌ ထပ်မံလက်ခံထားရှိပြီး အောင်လံမြို့၌ ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်းလေးခုတွင် စုစုပေါင်း အိမ်ထောင်စု ၁၃၂စု၊ လူဦးရေ ၅၀၄ဦး လက်ခံထားရှိကြောင်း သိရသည်။

(အောက်ပုံ)

မျိုးသိန်း(ပြန်/ဆက်)



# မန္တလေးတိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီမှကြီးမှူး၍ မြန်မာ့သိုင်းပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဇူလိုင် ၁၅**

၂၀၂၄ခုနှစ် မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် တိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီတို့မှ ကြီးမှူး၍ မြန်မာ့သိုင်းပြိုင်ပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀ ရှိ ဗထူးမိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးနှင့် မြို့နယ်အားကစားမှူးများ၊ မန္တလေးတိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီဝင်များ၊ မန္တလေးမြို့ရှိ မြန်မာ့သိုင်းပညာရှင်များ၊ နည်းပြများနှင့် ကစားသမားများ၊ နွေရာသီမြန်မာ့သိုင်းသင်တန်းတက်ရောက်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာ့သိုင်းအားကစား စိတ်ဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်နှင့် တိုင်းဒေသကြီး မြန်မာ့သိုင်းဆပ်ကော်မတီနာယက မန္တလေးတက္ကသိုလ် မြန်မာစာဌာနပါမောက္ခ(ငြိမ်း) ဒေါက်တာမောင်မောင်လေးတို့က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး၊ မြို့နယ်များမှ မြန်မာ့သိုင်းအဖွဲ့များက လက်သိုင်း၊ တုတ်သိုင်း၊ ဓားသိုင်း သရုပ်ပြခြင်း၊ ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ မန္တလေးတိုင်းဒေသကြီး မြန်မာ့သိုင်းအဖွဲ့သည် ပြည်နယ်နှင့်တိုင်းဒေသကြီးပြိုင်ပွဲ၊ အမျိုးသားအားကစားပြိုင်ပွဲများတွင် တံခွန်စိုက်ဆု ရရှိခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)(၀၄၅)



# သုခတော်ဝင်အိမ်ရာအပိုင်း(၂) အဆောက်အအုံ(၂၂)လုံး ဆောက်လုပ်ရေးအိတ်ဖွင့်တင်ဒါခေါ်ယူ

**နေပြည်တော် ဇူလိုင် ၁၅**

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညိုသွားလမ်း၊ ဆွာလမ်းဆုံနှင့် မြို့မဈေးကြား၊ ယခင်ဘူးကွဲရွာဟောင်း၊ ၃၁ ဧကအကျယ် မြေနေရာတွင် သုခတော်ဝင်အိမ်ရာအပိုင်း(၂) ဆောက်လုပ်ခြင်းလုပ်ငန်းများမှ 4U5S (3Bed)အခန်း(၃)ခန်းပါ သံကူကွန်ကရစ်အဆောက်အအုံ ၁၅လုံး၊ (၁၀၉၂ စတုရန်းပေ)၊ အိမ်ခန်း ၃၀၀ ခန်းနှင့် 4U5S(2Bed) အခန်း(၂)ခန်းပါ သံကူကွန်ကရစ်အဆောက်အအုံ ခုနစ်လုံး (၇၃၂ စတုရန်းပေ) အိမ်ခန်း ၁၄၀ခန်း စုစုပေါင်း အဆောက်အအုံ ၂၂လုံး ဆောက်လုပ်သွားမည်ဖြစ်ပြီး ပဏာမအဆင့် လမ်းဦးကြောင်းဖော်ခြင်း၊ အကွက်သတ်မှတ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး ဆောက်လုပ်လိုသော လုပ်ငန်းရှင်များအနေဖြင့်အကွက် Lot များအလိုက် တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ထားသည်။



တင်ဒါပုံစံများကို ဇူလိုင် ၁၂ ရက်မှ စတင်ထုတ်ပေးပြီး ဇူလိုင် ၂၆ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ တင်သွင်းရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

(အောက်ဝဲပုံ)

မောင်ပြည်သူ(မန္တလေး)

# တောင်ကြီးမြို့၌ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**တောင်ကြီး ဇူလိုင် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ တောင်ကြီး ၄က် ဘေးမဲ့တောအတွင်း ကိုးနဝင်း ဘုန်းတော်ကြီးကျောင်းအနီး၌ ဇူလိုင် ၁၄ ရက် နံနက် ၈ နာရီခွဲက ရှမ်းပြည်နယ် ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားပြီး တောင်ကြီးမြို့ စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ၂၀၂၄ ခုနှစ် ပြည်နယ်အဆင့် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတို့တွင် သစ်တောဦးစီးဌာနနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခဲ့သော တင်မြင့်ရီကုမ္ပဏီအား ဂုဏ်ပြု မှတ်တမ်းလွှာပေးအပ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းနှင့် တာဝန်ရှိသူများက စိုက်ပျိုးရန် သစ်ပင်များပေးအပ်ရာ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသူ၊ တိုင်းရင်းသားများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ၏ ကိုယ်စားလှယ်များက လက်ခံရယူခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက သစ်ပင်စိုက်ပျိုးမည့်နေရာတွင် နေရာယူ၍ သစ်ပင်များစိုက်ပျိုးပြီး တက်ရောက်လာသူများက တပျော်တစ်ပါး သစ်ပင်စိုက်ပျိုးခဲ့ကြသည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က သစ်ပင်စိုက်ပျိုးနေသော ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအား လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ချယ်ရီ၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ စွယ်တော်၊ မာတာကွတ်၊ ယူကလစ်၊ထင်းရှူးစသည့် ပျိုးပင်စုစုပေါင်း ၆၃၀ ပင် စုပေါင်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၃၆၈)**

# နေရပ်စွန့်ခွာအိမ်ထောင်စုများအား ကြက်ခြေနီမှ ဆေးစိမ်ခြင်ထောင်များ ထောက်ပံ့

**မန္တလေး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ သိန်းထွန်း ဆောင် ဦးဆောင်သော တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့နယ်သို့ သွားရောက်၍ မြို့နယ်ကြက်ခြေနီအသင်းခွဲကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သင်းနှင့် ကြက်ခြေနီစေတနာလုပ်အားရှင်များသည် ဝက်ဝံကျေးရွာအုပ်စု၊ ပိတ်ချင်းမြောင်နှင့် ပိတောက်ပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း၊ လေးမျက်နှာဘုရားဝင်းသို့လည်းကောင်း သွားရောက်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်နှင့် ဘန်းဘွေးကျေးရွာများမှ နေရပ်စွန့်ခွာအိမ်ထောင်စုများ နေထိုင်မှုနှင့် ကျန်းမာရေးအခြေအနေ၊ ရေသန့်နှင့် သုံးရေရရှိမှုအခြေအနေ၊ သန့်စင်ခန်းနှင့် ရေချိုးခန်းလုံလောက်မှု အခြေအနေများမေးမြန်း၍ တစ်ကိုယ်ရေ သန့်ရှင်းရေးသုံးပစ္စည်းများနှင့် ဆေးစိမ်ခြင်ထောင်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

(ဝဲပုံ)

(၀၄၅)







# အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ဆောင်းပါးပြိုင်ပွဲ ကျင်းပ

**ကျိုင်းတုံ ဇူလိုင် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ဆောင်းပါးပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် မြို့နယ်အဆင့်စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ဆောင်းပါးပြိုင်ပွဲသို့ ကျိုင်းတုံမြို့နယ်အတွင်း အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၆၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းထွေးခင်နှင့်တာဝန်ရှိသူတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မြန်မာ့အလင်း

## ဝါဆိုခြင်းအလှခတ်ပွဲ

* တို့များအရွယ် - - -
ငယ်ကတည်းက ၊ စွဲမက်ရသည့်
မြန်မာ့ရိုးရာ ၊ ဆက်ခံပါသော
"ဝါဆို"ခြင်းအလှ-ခတ်ပွဲ "စ"သည်
ရက်မုလချီ ၊ ကြာခဲ့ပြီတည့်
စွမ်းရည်ပြည့်ဝ ၊ ကြည့်မဝဘူး
နယ်မှပွဲဝင် ၊ သင်းစုံလင်လို့
ယှဉ်ပြိုင်စွမ်းပြ ၊ ခတ် မဝကြ
ကျင်းပစဉ်လာ ၊ မပျက်ပါသည်
ခုခါရာပြည့် - သို့ ဦးတည် ။
(၉၆)နှစ် တိုင်ခဲ့ပြီ ။
မဟာမုနိ "ခြင်း"ရာသီ ။

* နှစ်များကြာရှည် - - -
လာသည်နှင့်မျှ ၊ အသင်းတိုင်းမှလည်း
အလှပညာ ၊ ပြည့်ဝလာလို့
ရိုးရာမပျောက် ၊ "ခြင်း"ပေါက်သုံးဆယ်
ဘယ်ညာလှုပ်ရှား ၊ ဒူးခြေဖျားနှင့်
ဖဝါး ဖမျက် ၊ မနောင့်စွက်လို့
ခြောက်ချက်အထိ ၊ ခြေခွင်မိစေ
အခြေခံရိုးရာ ၊ မပျက်ပါသည်
ယှဉ်လာအသင်း - (၆၀၀)ကျော် ။
"ခြင်း"အလှပြ - ခတ်ပူဇော် ။
မဟာမုနိရုပ်ရှင်တော် ။ ။

* မုနိမြတ်ရှင် - - -
ဦးတင်ကော်ရော် ၊ "ခြင်း"ကွက်ဖော်လို့
ပူဇော်ခတ်ပြ ၊ လာရောက်မှလျှင်
နယ်တကာကျော် ၊ ပွဲတိုင်းမော်လို့
ခေါင်းဖော်ရင်ကြွ ၊ နေနိုင်ကြမို့
အလှကစား ၊ ဆိုကြပြောလည်း
အားထည့်မာန်ဝင် ၊ အားကုန်နှင်သည်
ပြည်ခွင်တိုင်းလုံး - ကျော်မည့်ဟန်
မြတ်ရှင်မုနိ - သဒ္ဓါမှန် ။

* ခြည် - - - မဟာမုနိ - - -
သက်ရှိထင်ရှား ၊ နေအလားမို့
နေထားစုံမှ ၊ ဖူးမြော်ကြလို့ - - -
ဖူးမှမကြာ ၊ ဖူးရောက်လာလို့ - - -
ဖူးကာတောင့်တ ၊ လိုပြည့်ဝမို့ - - -
တောင့်တလိုရာ ၊ ဆုပန်ပါရင်း - - -
ဖူးလာကြုံကြိုက် ၊ သည်အခိုက်မှာ
နှစ်ခြိုက်ဖွယ်ရာ ၊ ခြင်းပညာကို
ဝင်ကာလေ့လာ ၊ အားပေးပါဟု
ရိုးရာထက်သန် ၊ စိတ်ရင်းမှန်ဖြင့်
တုံ့ပြန်မေတ္တာ ၊ ဖိတ်ခေါ်ပါသည်
မဟာမုနိ - "ခြင်းပွဲတော်" ။
ရိုးရာအလှ - ခတ်ပူဇော် ။ ။

မြတ်ထွဏ်းနောင်

သတင်းပဒေသာ

## အသိပညာပေးဟောပြောပွဲ၊ ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများတိုးပွားစေရန်နှင့် နေ့ထူးနေ့မြတ်များကို တန်ဖိုးထားမမေ့အပ်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ၊ ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်များပြသခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အာဇာနည်နေ့အထိမ်းအမှတ် ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့၊ အခြေခံပညာမူလတန်းလွန်ကျောင်း(ဥမ်းဖီး)တွင် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြသခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရှာဖွေ၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ရှမ်းပြည်နယ်တောင်ပိုင်း ၊ ကျေးသီးမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ရှာဖွေရေး၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဓာတ်တိုက်လေ့ကျင့်မှုများကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ဘောလုံးကွင်းတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့တွင် ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲနှင့် ဓာတ်ပုံပြပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက မိုင်းစံမြို့ ဝမ်လီ(မူလွန်)ကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး အသိပညာပေး

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးမြို့နယ် စမတောင် မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးကျောင်းတွင် ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စားအုန်းဆီကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် ကုန်ဈေးနှုန်းတည်ငြိမ်ရေးလုပ်ငန်းအဖွဲ့၏ကြီးကြပ်မှုဖြင့် ကသာမြို့တွင် ဒေသခံပြည်သူများအား စားအုန်းဆီကို ပြင်ပပေါက်ဈေးထက် ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် ယမန်နေ့ နံနက် ၇ နာရီက မြို့တော်ခန်းမ၌ ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေး Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းနှင့် စာအုပ်များ အသစ်လဲလှယ်ပေးခြင်းကို အပတ်စဉ် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက် ၁၀ နာရီက မိုင်းခတ်မြို့၊ အမှတ်(၁)ရပ်ကွက်နေပြည်သူများထံ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မိုင်းယောင်းမြို့နယ်တွင် ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းဆရာတော်၏ ဝိဇာတမွေးနေ့မင်္ဂလာ ကျင်းပ



**မိုင်းယောင်း ဇူလိုင် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၏ပဓာနနာယက ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဘဒ္ဒိယမဟာထေရ်၏ သက်တော်(၈၆)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာ အခမ်းအနားကို ယမန်နေ့က အဆိုပါကျောင်းရှိ သာသနာ့ဗိမာန်တော်၌ကျင်းပခဲ့သည်။

အခမ်းအနားသို့ ထေရဝါဒဗုဒ္ဓသာသနာပြု(မိုင်းယု)ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစိတ္တသာရနှင့် ဆရာတော်ကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းတင့်နှင့် အဖွဲ့ဝင်များ၊ ဝတ်ရွတ်အဖွဲ့များ၊ ဂေါပကအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်၊ အလှူရှင်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ထေရဝါဒ ဗုဒ္ဓသာသနာပြု(မိုင်းယု)ကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိစိတ္တသာရထံမှ ငါးပါးသီလခံယူဆောက်တည်၍ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း ဆရာတော်နှင့် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ (ဓဲပုံ)

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက ထေရဝါဒဗုဒ္ဓသာသနာပြု(မိုင်းယု)ကျောင်းဆရာတော်နှင့် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြ၍ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သစ္စာအဓိဋ္ဌာန်အောင် မြတဘက်နဂါးကိုးကောင်ဘုရားတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပမည်



**မန္တလေး ဇူလိုင် ၁၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် သစ္စာအဓိဋ္ဌာန်အောင် ဆုတောင်းပြည့်မြတဘက်နဂါးကိုးကောင်ဘုရား စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင်ပညာသင်ကြားရေးကျောင်းတွင် ဝါဆိုသင်္ကန်းကပ်လှူပွဲကို အလှူရှင် ဒါယကာ၊ ဒါယိကာမများ စောမွန်လှ ပဋ္ဌာန်းဆက်ဆွေတော်မျိုးတော်များမှ ကျင်းပမည် ဖြစ်သည်။

ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ပဓာနနာယက တိုက်အုပ်ဆရာတော်၊ နဂါးကိုးကောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တရာဇိန္ဒ အမှူးရှိသော သံဃာတော်များနှင့် ရှင်သာမဏေ (၁၀၅)ပါးတို့အား ဝါဆိုသင်္ကန်းနှင့် အခြံအရံဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ သီလရှင်ဆရာကြီး၊ ဆရာလေး (၄၅)ပါးတို့အား ဝါဆိုသီလရှင်ဝတ်စုံများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို ပြုလုပ်မည် ဖြစ်သည်။

လှူဒါန်းမှုအစုစုတို့ကို အလှူရှင်များဖြစ်ကြသည့် ဦးကျော်လင်း+သုခမ္မသိဂီဒေါ်ဖြူဖြူ မိသားစု၊ အကျိုးတော်ဆောင် ဒေါ်တင်တင်အိ၊ မတင်ဇာထွန်း မိသားစုတို့မှ အဆိုပါ ဝါဆိုလပြည့်နေ့တွင် နံနက် ၈ နာရီမှ ၁၁ နာရီအထိ ကြွရောက်လာကြသော ဧည့်ပရိသတ်အပေါင်းအား ထမင်းဟင်း၊ အချိုပွဲများဖြင့် ကျွေးမွေးဧည့်ခံမည်ဖြစ်ရာ အလှူရှင် ဒါယကာ၊ ဒါယိကာမများအပေါင်း ကြွရောက်ကြပါရန် ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

(ယာပုံ)(ကဆ)

## မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များတွေ့ဆုံ၊ စားသောက်ကုန်ပစ္စည်းများထောက်ပံ့

**မြစ်ကြီးနား ဇူလိုင် ၁၅**

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့နယ် မီးသတ်ဦးစီးဌာနရုံးတွင် ဇူလိုင် ၁၃ ရက်၊ နံနက် ၉ နာရီက ပြည်နယ်၊ ခရိုင်၊ မြို့နယ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များတွေ့ဆုံခြင်းနှင့် တပ်ဖွဲ့ဝင်မိသားစုများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ကျင်းပခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးမှ မြစ်ကြီးနားမြို့ ရေဘေးတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော ပြည်နယ်၊ ခရိုင်၊ မြို့နယ်များ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဝိုင်းမော်၊ မိုးညှင်း၊ မိုးကောင်းမြို့နယ်များမှ တပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များအားတွေ့ဆုံ၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ကုလားပဲ စသည့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)(ဝ၅၇)



# မဟာမုနိဘုရားကြီး ဝါဆိုခြင်းအလှူခတ်ပွဲတော်

မန္တလေးမြို့၊ ၈၄လမ်းနှင့်၄၅လမ်းထောင့်တွင် မဟာမုနိဘုရားကြီး၏ သာသနိကအအဆောက်အအုံတစ်ခုဖြစ်သော သာသနာ-၂၅၀၀ ဗိမ္မာန်တည်ရှိပါသည်။ ထိုဗိမ္မာန်ဝင်း၏ တောင်ဘက်ကပ်လျက်တွင် ဘုရားကြီးအနောက် ၄၅ တာဝင်းအတွင်းသို့ ဝင်သည့် 'စံမယ်မုခ်ဦး' အား တွေ့မြင်ရမည်ဖြစ်သည်။ မုခ်ဦးအဝင် ဝဲ၊ ယာ၌ သာသနာ့အလံများ စိုက်ထူထားရှိပြီး မုခ်ဦးကြီးမှာ လွန်စွာ ခံ့ညားထည်ဝါလှသည်။ ၎င်းမုခ်ဦးအဝင်လမ်းအတိုင်း ဝင်လာပါက ဘုရားကြီး၏ မြောက်စောင်းတန်းအတွင်းသို့ ဝင်ရောက်သော ရွှေဘိုခါးဖြတ်သို့ ရောက်ရှိမည်ဖြစ်ပါသည်။ လမ်း၏ညာဘက်တွင် ယာဉ်ရပ်နားကွင်းရှိပြီး၊ ဝဲဘက်တွင် အဆင့်မြင့် မိုလုံလေလုံ ဝါဆိုခြင်းလုံးအားကစားရုံသစ်ကြီးအား တွေ့မြင်ရမည်ဖြစ်ပါသည်။

ခြင်းလုံးရုံသစ်ကြီးအား ၄-၁၀-၂၀၁၈ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉-၅-၂၀၁၉ ရက်တွင် ဆောက်လုပ်ပြီးစီးဖွင့်လှစ်ခဲ့ပါသည်။ အားကစားရုံရှေ့တွင် ခြင်းခတ်ကစားနေဟန် ကြေးရုပ်ပုံကို စိုက်ထူထားပါသည်။ အားကစားသမားများအဝတ်လဲခန်းနားနေခန်း၊အထူးတန်းပွဲကြည့်စင်၊ ဆိုင်းတော်မဟာစင်တို့ပါဝင်ပြီး ပရိသတ် ၅၀၀ ဆံ့နိုင်ငံတကာအဆင့်မီ ခြင်းလုံးအားကစားရုံကြီးဖြစ်ပါသည်။ အားကစားရုံ၏နောက်ဘက်တွင် ဝိုင်းခြင်းလေ့ကျင့်ရေးကွင်းနှင့် အဆင့်မြင့်သန့်စင်ခန်းများ ပါဝင်ပါသည်။

စာရေးသူ ဆယ်ကျော်သက်အရွယ်က မန္တလေးမြို့သို့ ဘုရားဖူးရောက်ရှိစဉ် မဟာမုနိဘုရားကြီး ဝါဆိုခြင်းအလှူခတ်ပွဲတော်နှင့် ကြုံရသဖြင့် ဝင်ကြည့်ခဲ့ဖူးသည်။ ထိုစဉ်က ခြင်းလုံးအားကစားရုံမှာ ယခုနေရာနှင့် မျက်နှာချင်းဆိုင်လမ်း၏ တောင်ဘက်ခြမ်းတွင် ဖြစ်သည်။ မြောက်စောင်းတန်းကြီး၏ အနောက်ဘက် ပင်စည်ကြီးထွားသော အရိပ်ရသောင်ပင်ကြီးအောက်တွင် သာမာန်သွပ်မိုးသစ်သားမြေစိုက်အဆောက်အအုံ တစ်ခုမျှသာဖြစ်သည်။ ပရိသတ်အနည်းငယ်သာ ဝင်ရောက်ကြည့်ရှုနိုင်သည်။ အနီးတွင် မြောက်စောင်းတန်းနှင့်ကပ်လျက် ဆောက်ထားသော လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိသည်။ ထိုစဉ်ကမြင်ကွင်းနှင့် ယခုမြင်ကွင်းကား များစွာ ပြောင်းလဲခြားနားခဲ့ပြီဖြစ်သည်။ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာခြင်း၏ ပြယုဂ်တစ်ခုလည်းဖြစ်သည်။

မဟာမုနိဘုရားကြီး၏ ဝါဆိုခြင်းအလှူခတ်ပွဲတော် ယှဉ်တွဲဖြစ်တည်မှုမှာ နယ်ချဲ့လက်အောက်ကျရောက်စဉ် ၁၉၂၈ ခုနှစ်ကတည်းက စတင်ခဲ့ပါသည်။ ခြင်းလုံးအားကစားနည်းမှာ မြန်မာတို့၏ မူပိုင်ရိုးရာ အားကစားနည်းစစ်စစ်ဖြစ်သည်။ မြန်မာတို့၏ ကျန်းမာကြံ့ခိုင်မှုနှင့် ရိုးရာယဉ်ကျေးမှုတို့ ပေါင်းစပ်နှီးနွယ်နေသော အားကစားနည်းဖြစ်သည်။ တန်ဖိုးထားမြတ်နိုးဖွယ်ရာ ရိုးရာအမွေအနှစ်လည်း ဖြစ်သည်။ ၎င်းရိုးရာအမွေအနှစ်ကို ဘုရားကြီးဂေါပကအဆက်ဆက်မှ နှစ်စဉ်ဝါဆိုခြင်းအလှူခတ်ပွဲတော်ကျင်းပ၍ လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ပါသည်။ ယခုဆိုလျှင် (၉၆)ကြိမ်မြောက် ဝါဆိုခြင်းအလှူခတ်ပွဲတော်အား ၁၃၈၆ ခုနှစ် နယုန်လပြည့်ကျော် ၁ ရက်မှ ဝါဆိုလပြည့်ကျော် ၁ ရက်၊ ၂၂-၆-၂၀၂၄ ရက်မှ ၂၁-၇-၂၀၂၄ ရက်အထိ တစ်လတိတိ အဆင့်မြင့်ခြင်းလုံးအားကစားရုံသစ်ကြီးတွင် ကျင်းပပြုလုပ်နိုင်ခဲ့ပြီ ဖြစ်သည်။

မဟာမုနိဘုရားကြီး၏ (၉၆)ကြိမ်မြောက် ဝါဆိုခြင်းအလှူခတ်ပွဲတော်ဖွင့်ပွဲရက်မှာ ၂၂-၆-၂၀၂၄ ရက်ဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မဟာမုနိဘုရားကြီး ဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဝါဆိုခြင်းအလှူခတ်ပွဲတော်ကျင်းပရေးကော်မတီ၊ လုပ်ငန်းကော်မတီများမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့ခံခြင်းလုံးအသင်းများမှ အဖွဲ့ခေါင်းဆောင်များနှင့်အဖွဲ့ဝင်များ၊ မဟာမုနိဘုရားကြီး ဝန်ထမ်းများ၊ ခြင်းလုံးဝါသနာရှင်များ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပရိသတ်များ တက်ရောက် ချီးမြှင့်အားပေးကြပြီး လွန်စွာစည်းကားသိုက်မြိုက်ခဲ့ပါသည်။ (၉၆)ကြိမ်မြောက် ဝါဆိုခြင်းအလှူခတ်ပွဲတော်၏ ဆောင်ပုဒ်မှာ-

-ခြင်းခတ်ကစား၊ မြန်မျိုးသား၊ တစ်လွှားကမ္ဘာကျော်စေအံ့။

-ယဉ်ကျေးမှုအစဉ်အလာ ထိန်းသိမ်းပါ။ ရိုးရာအားကစားတန်ဖိုးထား ဟူ၍ ဖြစ်ပါသည်။

ခြင်းလုံးအားကစားနည်းအား မြန်မာလူမျိုးများသာမက အချို့နိုင်ငံခြားသားများပါ စိတ်ဝင်စားကြသည်။ ယူနက်စကို ဒြပ်မဲ့ယဉ်ကျေးမှုကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရန် ထည့်သွင်းစဉ်းစားခံရသော မြန်မာနိုင်ငံသားတို့၏ ရှေးဟောင်းရိုးရာအားကစားနည်းတစ်မျိုးဖြစ်ပါသည်။

ခြင်းလုံးအားကစားနည်း၏ ထူးခြားချက်မှာ



တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် ယှဉ်ပြိုင်ရသည်မဟုတ်ဘဲ ခြင်းလုံးကို မြေသို့မကျအောင် ကစားဖော်များက စုပေါင်းအားထုတ်ရသော ကစားနည်းဖြစ်သည်။ မျက်မှောက်ခေတ် မြန်မာနိုင်ငံတွင် မြို့နယ်၊ ရပ်ကွက်ရှိ ခြင်းလုံးရုံများ၌ ခတ်ကစားကြသကဲ့သို့ ညနေစောင်းချိန်ခါများတွင် အရိပ်ရနေရာများ၌ ဝိုင်းဖွဲ့၍ ခြင်းခတ်ခြင်းဓလေ့အစဉ်အလာရှိပါသည်။ ခြင်းခတ်ကစားခြင်းသည် ခေါင်း၊ ခါး၊ ခြေ၊ လက်စသည့် ခန္ဓာကိုယ်တစ်ခုလုံးအား လှုပ်ရှားမှုရှိစေသဖြင့် ကျန်းမာကြံ့ခိုင်ခြင်း၊ သက်လုံကောင်းစေခြင်းအကျိုးများရရှိနိုင်ပါသည်။ လူခြောက်ဦး စုပေါင်းညီညာကစားရသဖြင့် တစ်ကိုယ်ကောင်းမဆန်ခြင်း၊ ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ချစ်ကြည်လေးစားတတ်ခြင်း အလေ့အကျင့်ကောင်းများ ရရှိစေနိုင်ပါသည်။ ထို့အပြင် တစ်နေ့တာ ပင်ပန်းနွမ်းနယ်နေသမျှအား ခြင်းခတ်ကစားခြင်းဖြင့် ခန္ဓာကိုယ်ပေါ့ပါးလန်းဆန်းစေပြီး အားသစ်အင်သစ်များကို ဖြစ်ပေါ်စေပါသည်။

ခြင်းခတ်ကစားရာတွင် ခြေဖျား၊ ခြေခွင်၊ ဒူး၊ ဖဝါး၊ ဖနောင့်၊ ဖမျက်ဟူ၍ အခြေခံအထိ ခြောက်ချက်ရှိပါသည်။ ပြိုင်ပွဲဝင်ခြင်းပေါက် အမျိုးအစားပေါင်း ၃၀ ရှိပြီး ၎င်းတို့မှာ ခြင်းကြီး ၁၀ မျိုး၊ ခြင်းလတ် ၁၀မျိုး၊ လက်ရွေးစင်ခေတ်ဆန်း ၁၀ မျိုးဖြစ်ပါသည်။ ခြင်းကြီး ၁၀ မျိုး အခေါ်အဝေါ်များမှာ-မဟာဒူး၊ တဲ့ဖဝါး၊ စလွယ်ကြီး၊ ဝိုက်ကြီး၊ တဲ့ဖနောင့်၊ မဟာကြီး၊ ညွန့်ဒူး၊ ရင်လိမ်ဖဝါး၊ ရင်လိမ်ဖနောင့်၊ မဟာညွန့်ဟူ၍ ဖြစ်ပြီး ခြင်းလတ် ၁၀ မျိုးခေါ်အဝေါ်များမှာ- ပတ်ဒူး၊ ပခုံးထမ်းဖီလာဖဝါး၊ စောင်းစလွယ်၊ ပခုံးလမ်းထမ်းဖီလာဖနောင့်၊ ဖီလာစလွယ်၊ မဟာနွယ်၊ ပတ်စလွယ်၊ ပတ်ဖဝါး၊ ပတ်ဖနောင့်၊ ပတ်မဟာညွန့်ဟူ၍ ဖြစ်သည်။ လက်ရွေးစင်ခေတ်ဆန်း ၁၀ မျိုး အခေါ်အဝေါ်များမှာ မန္တလာ၊ မြင်းစီး၊ ဖနောင့်၊ သမင်လည်ပြန်ဖနောင့်၊ ရှပ်ထိပ်တင်ခြေဖျား၊ ဒူးဝိုက်ကြီး၊ ရှပ်ဒူး၊ မန္တလာဖီလာစလွယ်၊ လေဝဲခြေခွင်၊ လေဝဲဖနောင့်၊ မြင်းဆင်းဖနောင့်တို့ဖြစ်ပါသည်။

ဖော်ပြပါ ပြိုင်ပွဲဝင်ခြင်းပေါက် အမျိုးအစား ၃၀ အား အခြေခံလျက် ယခင်က တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်တွင် ၁၀ ပေါက်တန်း၊ ၆ ပေါက်တန်း၊ ၄ ပေါက်တန်းရိုးရာခြင်းလုံးခတ်ပြိုင်ပွဲများ ကျင်းပခဲ့ကြပါသည်။ ထိုမှတစ်ဆင့် ခြင်းအလှူခတ်ပွဲ၊ သရုပ်ပြပွဲများ ခေတ်စားလာခဲ့ကြရာ အမျိုးသားများသာမက အမျိုးသမီးများပါ ရိုးရာခြင်းလုံးခတ်ကစားခြင်း ပြုခဲ့ကြပြီ ဖြစ်ပါသည်။ မိမိကျွမ်းကျင်ရာ ကစားကွက်ပေါ်မူတည်၍ တီထွင်လေ့ကျင့်ခတ်ကစားသော ဥမဟာ၊ ဒဲ့ဒူး၊ ဝိုက်ဒူး၊ ထိုင်ဒူး၊ ကွက်သေမြင်းစီး၊ ရိုးရိုးမြင်းစီး၊ ရှပ်ခြေဖျား၊ ဘာဂျာစသည့် ကစားကွက်အခေါ်အဝေါ်များလည်း ပေါ်ထွက်လာခဲ့ပါသည်။ ထပ်မံ၍လည်း ကစားကွက်အသစ်အဆန်းများကို တီထွင်လေ့ကျင့်ခတ်ကစားလျက်ရှိကြပါသည်။ ထို့အပြင် အမျိုးသမီး၊ အမျိုးသားတစ်ဦးချင်းအလှပြခတ် ကစားနည်းမျိုးစုံကိုလည်း လေ့ကျင့်ခတ်ကစားကြပါသည်။ ရွှံလုံး(စတီးလုံး)နှင့် အလှပြခတ်ကစားခြင်း၊ ကြိမ်ကွင်းနှင့်အလှပြခတ်ကစားခြင်း၊ မီးကွင်းနှင့် အလှပြခတ်ကစားခြင်း၊ ကြိုးတန်းပေါ်၌ အလှပြခတ်ကစားခြင်း၊ ဖန်ပုလင်းအဆင့်ဆင့်ပေါ်တက်၍ အလှပြခတ်ကစားခြင်း စသည်ဖြင့် အမယ်စုံစွာ အလှပြခတ်ကစားခြင်းများ ပေါ်ထွက်လာခဲ့ပါသည်။

